မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်၊ ၂၀၀၈ ခုနှစ်၊ မတ် ၂၃ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၇)၊ အမှတ် (၁၇၅)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပါကစ္စတန်နိုင်ငံသမ္မတထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၂၃

၂၀၀၈ခုနှစ် မတ်၂၃ရက်တွင် ကျရောက်သော ပါကစ္စတန်အစ္စလာမ္မစ်သမ္မတနိုင်ငံ၏ နှစ်ပတ်လည် အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပါကစ္စတန်အစ္စလာမ္မစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ပါဗက်ဇ်မူရှာရက်ဖ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပါကစ္စတန်နိုင်ငံဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၂၃

၂၀၀၈ခုနှစ် မတ်၂၃ရက်တွင် ကျရောက်သော ပါကစ္စတန်အစ္စလာမ္မစ်သမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ ပါကစ္စတန်အစ္စလာမ္မစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာမိုဟာမက်မီယမ်ဆွမ်ရိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ထစ်ချုန်းမိုး

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

တပ်မတော်ရဲ့ အစဉ်အလာ ဆက်လက်ထိန်းသိမ်း

ဒီတပ်မတော်ဟာ စည်းကမ်းကောင်းခြင်း၊ သစ္စာရှိခြင်း၊ စည်းလုံးညီညွတ်ခြင်း၊ စွမ်းရည်ရှိခြင်း၊ စွန့်လွှတ်စွန့်စားတတ်ခြင်း၊ တစ်ဦးချင်းကိုယ်ကျိုးကို ပဓာနမထားတတ်ခြင်း၊ စိတ်ဓာတ်မြင့်မြတ်ခြင်း၊ အခက်အခဲကို ရင်ဆိုင်ကျော်လွှားနိုင်တဲ့ ရဲစွမ်းသတ္တိရှိခြင်း၊ အပင်ပန်းဆင်းရဲခံနိုင်ခြင်း၊ ဇွဲလုံ့လ၊ ဝီရိယရှိခြင်း တို့ကြောင့် အရေးကြုံတဲ့အခါမှာ သက်လုံကောင်းခဲ့တာဖြစ်တယ်။ ဒီအချက်တွေဟာ တပ်မတော်ရဲ့ မွန်မြတ်တဲ့ အစဉ်အလာတွေဖြစ်တဲ့အတွက် အစဉ်ထာဝရ ဆက်လက်ထိန်းသိမ်းသွားကြဖို့ မှာကြားလိုတယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၅၈)နှစ်မြောက် တပ်မတော်နေ့မိန့်ခွန်းမှ–

ရခိုင်ပြည်နယ်၌ ကျောက်တန်းတံတားဖွင့်လှစ် ကုန်စည်စီးဆင်းမှုများ သွက်လက်မြန်ဆန်လာမည်

ရန်ကုန် မတ် ၂၂

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေးစီမံကိန်း အထူးအဖွဲ့(၁၀)က တာဝန်ယူတည်ဆောက်ပြီးစီးသွားသည့် ရခိုင်ပြည်နယ် ရန်ကုန်–စစ်တွေလမ်း၊ အမ်း–စစ်တွေလမ်းပိုင်း မိုင်တိုင်အမှတ် ၁၉၉/၃ရှိ ကျောက်တန်းတံတားဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းတွင် အဆိုပါတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ✻

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်သန်းထွန်းအောင်နှင့် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်ရဲအောင်တို့ ကျောက်တန်းတံတားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း (၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆို

လက်ဆင့်ကမ်းတာဝန်

နိုင်ငံတော်သစ် ခေတ်မီ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ရမည့် လုပ်ငန်းများကို လက်ဆင့်ကမ်းတာဝန်ယူကြရမည့်သူများမှာ တပ်မတော်သားလူငယ်များ၊ အသိပညာရှင် အတတ်ပညာရှင် လူငယ်များ၊ တောင်သူလယ်သမားများ၊ အလုပ်သမားများ၊ တိုင်းရင်းသားလူငယ်များ အားလုံးပင်ဖြစ်သည်။

လှိုင်အောင်၏ ဆောင်းပါး (စာ– ၈ နှင့် ၉)

- **တပ်မတော်အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်လာသော လယ်ယာစိုက်ပျိုးရေးကဏ္ဍ** စာ – ၇

- **မတ်လတော်လှန်ရေးမှသည်** ဇော်မင်းမင်းဦး၏ ကဗျာ (စာ–၉)
- **တစ်လကို တံတားတစ်စင်းတည်ဆောက်ခဲ့** ရဲမင်းထက်၏ ကာတွန်း (စာ–၉)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

23-3 (01) 1 3/23/08, 1:45 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် မတ် ၂၃ ရက်)

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ် တည်ဆောက်ရာတွင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ၏ ပညာရည်မြင့်မားရေးကို အလေးထား ဖော်ဆောင်ပေးလျက်ရှိသည်။

နိုင်ငံတစ်ဝန်း ခေတ်မီနည်းပညာရပ်များ စီမံဖြည့်ဆည်းပေးမှုနှင့်အတူ လူငယ်လူရွယ်များသည် နယ်မြေဒေသအသီးသီးတွင် နိုင်ငံတကာအဆင့်မီ ပညာရပ်များကို လက်လှမ်းတမီ သင်ယူနိုင်ကြပြီဖြစ်သည်။ ကျေးလက်ဒေသနေ ပြည်သူများ အသက်အရွယ်နှင့် ပညာအဆင့်အတန်းမရွေး သင်ယူလေ့လာနိုင်စေရန် နည်းလမ်းအသွယ်သွယ်ဖြင့် ဖန်တီးဖော်ဆောင်ပေးလျက်ရှိသည်။ ထို့ကြောင့် စာတတ်မြောက်ပြီးသူများအတွက် စာဖတ်သော အလေ့အကျင့်ရှိလာရေး၊ စာဖတ်ရှိန် မြှင့်တင်နိုင်ရေးနှင့် အသိပညာ ဆက်လက်ဆည်းပူးနိုင်ရေးတို့အတွက် ရပ်ရွာပညာပဒေသာဌာနများ၊ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို တိုးချဲ့ဖွင့်လှစ်ပေးနေပြီ ဖြစ်သည်။

ကျေးလက်ဒေသများ၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို ၂၀၀၄ ခုနှစ်မှစ၍ ထူထောင် ဖွင့်လှစ်ပေးလျက်ရှိရာ တစ်နိုင်ငံလုံး၌ ကျေးရွာပေါင်း ၆၀၀၀၀ကျော် ရှိသည့်အနက် ယခုအခါ ကျေးရွာပေါင်း ၅၅၇၅၅တွင် စာကြည့်တိုက်များ ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ ယင်းကဲ့သို့ ဖွင့်လှစ်နိုင်ခဲ့ခြင်းမှာ နိုင်ငံတော်၊ ဒေသခံပြည်သူများနှင့် စေတနာရှင် အလှူရှင်များတို့၏ အားဟူသော “အား”သုံးအား ပေါင်းစည်းညီညွတ်မှုကြောင့်ပင် ဖြစ်သည်။

စာကြည့်တိုက်များမှရရှိသော စာပေအလင်းရောင်သည် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုလျက်ရှိရာ နိုင်ငံတော်က စာကြည့်တိုက်များ ပေါ်ထွန်းလာစေရေး အလေးထား ဖော်ဆောင်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ ဒေသဆိုင်ရာနှင့်လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများနှင့် ဝန်ထမ်းများ၏ မွန်မြတ်သည့် စေတနာ၊ ကောင်းမွန်သည့် အစဉ်အလာများနှင့်အတူ ဟန်ချက်ညီညီ ပူးပေါင်းကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲပြီး ကျေးလက်ပြည်သူများ၏ အသိပညာနှင့် ဗဟုသုတ အတွေးအခေါ်များ ပိုမိုမြင့်မားလာမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မိဘနှစ်ပါးနှင့် ဒေါ်မြင့်မြင့်ဝင်း၊ ဒေါ်ညွန့်ဝေတို့အား ရည်စူး၍ ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် လိပ်ကန်လမ်း အမှတ် ၆၂နေ ဒေါ်ကျင်မြက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်ငါးသိန်းကို တိပိဋကကျောင်း အနုနာယက ဆရာတော် ဦးနန္ဒကထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တိ=နိ အုပ်ချုပ်ရေးမှူး (ရုံးအဖွဲ့) ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဇေယျဝတီဆရာတော် သစ္စာလေးပါးတရားဟောကြားမည်

ရန်ကုန် မတ် ၂၂

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် အမှတ် ၅ မေခလမ်း သစ်ဆိမ့်ကုန်းရှိ မိုးကုတ်ဝိပဿနာ နိဗ္ဗာန်ရွှေဂူတောရရိပ်သာ ပဓာနနာယကအဖွဲ့ချုပ်နာယက ကမ္မဋ္ဌာနာစရိယ ဇေယျဝတီဆရာတော် ဘဒ္ဒန္တသောဘန(ဓမ္မာစရိယ B.A)သည် တနင်္သာရီတိုင်း ကော့သောင်းမြို့ ဦးမောင်လှချောင် နှစ်မိုင်ရှိ မြတ်ဗုဒ္ဓဒေသနာဝိမလကာရီဓမ္မရိပ်သာအတွင်း တပေါင်းလပြည့်ကျော် ၂ရက်မှ ၁၁ရက်(မတ် ၂၃ ရက်မှ ဧပြီ ၁ရက်) အထိကျင်းပမည့် တရားစခန်းပွဲကြီးတွင် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါးတရားတော်များကို ဟောကြားမည်ဖြစ်ကြောင်းနှင့် ဆရာတော်၏ကျောင်းတိုက်အတွင်း သုံးထပ်ဓမ္မာရုံတော်ကြီး တည်ဆောက်မည်ဖြစ်ပါ၍ လှူဒါန်းလိုပါက ဖုန်း- ၀၉-၅၁-၃၇၀၈၆သို့ ဆက်သွယ်နိုင်ရန် နှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အမှတ်(၁၀၉/ဒီ) ငါးထပ်ကြီး ဘုရားလမ်းနေ ဦးမြမောင်-ဒေါ်နီနီအေး၊ သားသမီး၊ မြေးမိသားစုက ငါးထပ်ကြီးဘုရား ကားအတက်အဆင်း သံစောင်းတန်းတော်ကြီး အသစ်ဆောက်လုပ်ခြင်းလုပ်ငန်း တစ်ခန်းအတွက် အလှူငွေကျပ် ၁၀ သိန်းကို ငါးထပ်ကြီးဘုရား ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးသောင်းရွှေ(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (မြို့နယ် ပြန်/ဆက်)

မြိုင်ဆရာတော် တရားပွဲ

ရန်ကုန် မတ် ၂၂

ဖြူးဆရာတော် ဘဒ္ဒန္တနရပတိ (ဓမ္မကထိက ဗဟုဇန ဟိတဓရ)၏ တပည့် မြိုင်ဆရာတော် အရှင်ပညာဇောတ (ဓမ္မာစရိယ၊ နယ်လှည့် ဓမ္မကထိက) အရှင်သူမြတ်သည် မတ် ၂၅ရက်တွင် မကွေးတိုင်း ပခုက္ကူမြို့ တိလောကာ ရာမကျောင်းတိုက် ဓမ္မသဘင်နှင့် မတ် ၂၆ရက်မှ ဧပြီ ၅ရက်အထိ ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ် ကမာကလုတ်ကျေးရွာ ကံဦး မဟာစည်ရိပ်သာ ဓမ္မသဘင်တို့၌ ညစဉ် ၇ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။ တရားပွဲ ပင့်လျှောက်လိုသူများ ဓမ္မရက္ခိတ ဖြူး မဟာစည်သာသနာ့ရိပ်သာ အမှတ် (၅) ရပ်ကွက် လှိုင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၃၀၀၆၈၊ ၅၀၁၈၄၆ လိုင်းခွဲ (၁၈၁)နှင့်မြိုင်ဆရာတော် ဖုန်း-၀၉-၅၀-၄၇၇၆၁ တို့သို့ ဆက်သွယ် ပင့်လျှောက်နိုင်ကြောင်း သိရသည်။ (က-ပ)

သင့်သွေးဖြင့် အသက်ကယ်ပါ

ပုဒ္ဓေါရသ အရှင်ကုန္ဒာစရိယ၏ မွေးရပ်မြေအလှူပွဲ

ရန်ကုန် မတ် ၂၂

ဧရာဝတီတိုင်း ဟင်္သာတမြို့နယ် (ဓမ္မိ)အင်္ဂရမ်းကျေးရွာအုပ်စု မအူကုန်ကျေးရွာတွင် တပေါင်း လပြည့်ကျော် ၉ရက်(မတ်၃၀ရက်)တွင် ပုဒ္ဓေါရသ အရှင်ကုန္ဒာစရိယ ဇောခိရိပ်ငြိမ်တောရ ဆရာတော်နှင့် ခမည်းတော် မယ်တော်များ၊ ဒါယကာ ဒါယိကာမများက ဘုရားအနေကဇာတင်ခြင်း၊ သံဃိကဒါန လှူဒါန်းခြင်း၊ တံတားလှူဒါန်းခြင်း၊ စတုဒိသာကျွေးမွေးခြင်း စသော အလှူများ လှူဒါန်းမည်ဖြစ်ပါသည်။ ၁၃၆၉ခုနှစ်တပေါင်းလပြည့်ကျော် ၈ ရက်ည၌ ပုဒ္ဓေါရသ အရှင်ကုန္ဒာစရိယ ဇောခိရိပ်ငြိမ်တောရ ဆရာတော်က တရားတော် ဟောကြားချီးမြှင့်ပေးမည် ဖြစ်သည်။ (က-ပ)

ရန်ကုန်-မန္တလေး ဈေးသင်္ဘောထွက်ခွာမည်

ရန်ကုန် မတ် ၂၂

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ကုန်ပို့ဆောင်ရေးဌာနခွဲ၏ ရန်ကုန်-မန္တလေး ဈေးသင်္ဘောခေါက်ရေ(၄) မြဇရာ ရေယာဉ်သည် မတ်၂၇ရက် (ကြာသပတေးနေ့)တွင် ရန်ကုန်မြို့ ဗိုလ်တထောင် အမှတ်-၆ တံတားမှ မန္တလေးမြို့သို့ ထွက်ခွာမည်ဖြစ်သည်။

ဆက်သွယ်

ကုန်တင်ဆောင် ရောင်းချလိုသူများသည် ကုန်ပို့ဆောင်ရေး ဌာနခွဲ ဗိုလ်တထောင်ဈေးလမ်း ရန်ကုန်မြို့သို့ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်း-၂၉၂၁၉၉ နှင့် ၂၉၂၃၁၉ တို့သို့လည်းကောင်း ဆက်သွယ်ဆောင်ရွက်နိုင်ကြသည်။

နယ်မြို့များမှ တင်ဆောင်လိုပါက မအူပင်၊ ဓနုဖြူ၊ ဟင်္သာတ၊ မြန်အောင်၊ ကြံခင်း၊ ပြည်၊ သရက်၊ အောင်လံနှင့် မကွေးမြို့များတွင် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး မြို့နယ်မန်နေဂျာရုံးများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၂၃-၃-၂၀၀၈ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၂:၀၀	၁။	မြဝတီအဖွင့်
၁၂:၀၅	၂။	အဖွင့်သီချင်း
၁၂:၁၀	၃။	မျိုးချစ်တပ်မတော်
၁၂:၂၀	၄။	သာယာသီကြွေး ခေတ်ဆန်းတေး
၁၂:၃၀	၅။	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **သူ့အဖြူဆိုရင် ကိုယ်ကအမည်း**
၁၃:၅၀	၆။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	မျိုးချစ်တပ်မတော်
၄:၁၅	၄။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၂၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၄:၄၅	၆။	သာယာသီကြွေး ခေတ်ဆန်းတေး
၅:၀၀	၇။	သံစဉ်များနှင့်ကမ္ဘာ
၆:၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၉။	နိုင်ငံတကာသတင်း
၆:၂၀	၁၀။	အမျိုးသားရေးတေးကဗျာ
၆:၂၅	၁၁။	အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၆:၃၀	၁၂။	**(၆၃)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ် သားကောင်းမိခင်** (ဇာတ်သိမ်းပိုင်း)
၈:၀၀	၁၃။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၄။	မိုးလေဝသသတင်း
	၁၅။	အမျိုးသားရေးတေးကဗျာ
	၁၆။	ပဟေဠိနန်းတော်
	၁၇။	ကျန်းမာသုတ
	၁၈။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၁၉။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သွေးသစ္စာ** (အပိုင်း-၄)

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော် ကျပ်ပြင်မြို့ ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်း မှစ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။

(စက်မှု-၁)

ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းနှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်းတို့မှ ဝန်ထမ်းများအား ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း တွေ့ဆုံအမှာစကားပြောကြား

ရန်ကုန် မတ် ၂၂

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းသည် ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းနှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်းတို့မှ ဝန်ထမ်းများအား မတ် ၂၀ရက် မွန်းလွဲ ၁၂နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၏ ဗဟိုပုံနှိပ်စက်ရုံ အစည်းအဝေးခန်းမ၌တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ကျောဖုံးမှ

ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်တို့က ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်း ရုံးသစ်အတွင်း စက်ပစ္စည်းများ တပ်ဆင်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးကာ ဒစ်ဂျစ်တယ်အော်တိုတယ်လီဖုန်းဖြင့် အဝေးဆက်သွယ်မှုကို စမ်းသပ်ခေါ်ယူစစ်ဆေးကြသည်။

အဆိုပါ ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်းရုံးဖွင့်လှစ်ပေးနိုင်သဖြင့် ဒစ်ဂျစ်တယ်အော်တိုတယ်လီဖုန်း အလုံး ၁၀၀၀ ပြည်တွင်း၊ ပြည်ပ ဆက်သွယ်အသုံးပြုနိုင်မည်ဖြစ်သည်။ **(သတင်းစဉ်)**

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

တိုက်တွန်းမှာကြား

တွေ့ဆုံပွဲတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာ၌ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းနှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်းတို့အနေဖြင့် မိမိတို့ဌာနအလိုက်ဆောင်ရွက်ရသည့် လုပ်ငန်းတာဝန်များကို ကျေပွန်စွာ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထို့အတွက် ဝန်ထမ်းများအားလုံး၏ ကြိုးပမ်းဆောင်ရွက်မှုကို အသိအမှတ်ပြုပါကြောင်း၊ ယခုကဲ့သို့ အောင်မြင်စွာဆောင်ရွက်နိုင်မှုမှာ ဝန်ထမ်းများအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့မှုကြောင့် ဖြစ်ကြောင်း၊ ရှေ့ဆက်၍လည်း အလားတူ ပူးပေါင်း ဆောင်ရွက်သွားကြပါဟု တိုက်တွန်း မှာကြားလိုကြောင်းဖြင့် မှာကြားသည်။

ဆွေးနွေးမှာကြား

ထို့နောက် ဝန်ကြီးသည် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းနှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်းတို့၏ လုပ်ငန်းဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ဆွေးနွေးမှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းပေးကာ တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အမှာစကားပြောကြား

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းနှင့်မြန်မာ့ရုပ်ရှင်လုပ်ငန်းတို့မှ ဝန်ထမ်းများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂၃-၃-၂၀၀၈ရက် (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၇:၄၅ ၅။ တေးဂီတအစီအစဉ်
၈:၀၀ ၆။ ရိုးရာကျေးလက်ကစားနည်း
၈:၁၅ ၇။ (၆၃)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈:၃၀ ၈။ International News
၈:၄၅ ၉။ **သတင်းကောင်း** သျှားညို၊ ဆုပန်ထွာ (ဒါရိုက်တာ-ညိုမင်းလွင်)
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၀ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၃၀ ၄။ ထက်မြက်ပျော်ရွှင်အိမ်ထောင်ရှင်
၁၂:၀၀ ၅။ **အမြင်** မင်းသူ၊ ခိုင်နှင်းဝေ (ဒါရိုက်တာ-သက်တင်)
၁၃:၀၀ ၆။ (၆၃)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၁၃:၁၅ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၁၃:၂၅ ၈။ ကပ်တဲလ်ကြိုးတံတား
၁၃:၃၅ ၉။ ဆိုင်းအဖွဲ့ ဖျော်ဖြေခန်း မြမြင့်အောင်(မြင်းခြံ)
၁၄:၀၀ ၁၀။ ရုပ်မြင်ရသ တေးစုကဏ္ဍ
၁၄:၁၅ ၁၁။ အကပြိုင်ပွဲ
၁၄:၃၀ ၁၂။ တေးဂီတအစီအစဉ်
၁၄:၄၅ ၁၃။ International News

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲဆုရတေးများ
၄:၂၀ ၃။ **စက်မှုဇုန်မှာ ကျွန်မ စက်ရုံလာတည်တော့မယ်** ဖြိုးငွေစိုး၊ သဇင် (ဒါရိုက်တာ-တင်အောင်ရွှေ-သုတေသီ)
၄:၃၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (ရူပဗေဒအထူးပြု) [ရူပဗေဒ]
၄:၄၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅:၀၀ ၆။ (၆၃)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၅:၁၀ ၇။ ဆိုကြမယ်၊ ပျော်ကြမယ်
၆:၀၀ ၈။ ညနေခင်းသတင်း
၆:၃၀ ၉။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၀။ **ပြည်သူ့အတွက်တပ်မတော်** (သမိုင်းဂုဏ်ရောင် ထွန်းပြောင်သည့် ရှေးခေတ်မြန်မာ့တပ်မတော်)
၆:၅၀ ၁၁။ **သားကောင်းမိခင်** (အပိုင်း-၃) လွင်မိုး၊ နေတိုး၊ ဇင်ဝိုင်း၊ ထွန်းထွန်း(Examplez)၊ စိုးမြတ်သူဇာ၊ မေသဉ္ဇာဦး၊ ပန်းဖြူ၊ သက်မွန်မြင့်၊ ပုလဲဝင်း (ဒါရိုက်တာ-ပန်းချီစိုးမိုး)
၈:၀၀ ၁၂။ ပြည်တွင်းသတင်း
၁၃။ နိုင်ငံတကာသတင်း
၁၄။ မိုးလေဝသအခြေအနေ
၁၅။ **သားကောင်းမိခင်** (အပိုင်း-၄) လွင်မိုး၊ နေတိုး၊ ဇင်ဝိုင်း၊ ထွန်းထွန်း(Examplez)၊ စိုးမြတ်သူဇာ၊ မေသဉ္ဇာဦး၊ ပန်းဖြူ၊ သက်မွန်မြင့်၊ ပုလဲဝင်း (ဒါရိုက်တာ-ပန်းချီစိုးမိုး)

အာရှပတ်လည်အမျိုးသမီးဘောလုံးပြိုင်ပွဲ ဒုတိယအဆင့်ခြေစစ်ပွဲယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်း ဗီယက်နမ်သို့ထွက်ခွာ

ရန်ကုန် မတ် ၂၂

၂၀၀၈ခုနှစ် အာရှဖလားအမျိုးသမီးဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် ခြေစစ်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းသည် ယနေ့နံနက် ၁၀နာရီက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အမှုဆောင်များ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်း ကော်မတီ အတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီ၊ ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

လိုက်ပါ

ခြေစစ်ပွဲဝင်မည့် မြန်မာအမျိုးသမီးအသင်းတွင် အဖွဲ့ခေါင်းဆောင် ဦးစိုးမြင့်လွင်၊ အုပ်ချုပ်သူ ဒေါ်မြတ်မြတ်ဦး၊ နည်းပြချုပ် ဦးတင်မြင့်အောင်၊ လက်ထောက်နည်းပြ ဦးစိုးမိုးနှင့် ဦးမျိုးချစ်၊ ဆရာဝန် ဒေါက်တာ ကျင်စန်း၊ သူနာပြု ဒေါ်သီတာဦး၊ အားကစားသမားများအဖြစ် **ဂိုးသမား**-မေခင်ယမင်း၊ သင်းသင်းစိုး၊ မြဖူးငုံ၊ **နောက်တန်း**-မြင့်မြင့်အေး၊ စန်းစန်းမော်၊ သီရိမြတ်၊ စုစုဝေ၊ သီတာဦး၊ နေဇာလင်းလင်းအောင်၊ မေသူဝင်း၊ မိုးမိုးဝါ၊ စန်းစန်းသိန်း၊ **အလယ်တန်း**-နီလာမြင့်၊ သန်းသန်းထွေး၊ ခင်မိုးဝေ၊ နန်းကြေးငုံ၊ အေးနန္ဒာလှိုင်၊ စန်းယုနိုင်၊ **ရှေ့တန်း**-မိုင်နီလာထွေး၊ ခင်မာလာထွန်း၊ မာဂရက်မေရီ၊ နန်းခမ်းမိုနှင့် မူမူလွင် စုစုပေါင်း၃၀ လိုက်ပါသွားကြသည်။

ယှဉ်ပြိုင်

အာရှဖလား ဒုတိယအဆင့်ခြေစစ်ပွဲများကို မတ်၂၄ရက်မှ ၂၈ရက်အထိ ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့နှင့် ထိုင်းနိုင်ငံ နောင်ခွန်ရတ်ချာစမာမြို့တို့တွင် အုပ်စု နှစ်စုခွဲ၍ ကျင်းပမည်ဖြစ်ပြီး ဗီယက်နမ်၌ ကျင်းပမည့် (က)အုပ်စုတွင် ဗီယက်နမ်၊ မြန်မာ၊ တရုတ် (တိုင်ပေ)၊ အီရန်၊ ထိုင်း၌ ကျင်းပမည့် (ခ)အုပ်စုတွင် ထိုင်း၊ တောင်ကိုရီးယား၊ မလေးရှားနှင့် ဖိလစ်ပိုင်တို့ ပါဝင်ကြသည်။ မြန်မာအသင်းသည် မတ် ၂၄ ရက်တွင် တရုတ် (တိုင်ပေ)၊ ၂၆ရက်တွင် အီရန်၊ ၂၈ရက်တွင် ဗီယက်နမ်တို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

(မြန်မာ့အလင်း)

မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မထွက်ခွာမီ တွေ့ရစဉ်။ (မြန်မာ့အလင်း)

လှူငယ်(ရေကြောင်း) ဆရာကန်တော့ပွဲ

ရန်ကုန် မတ် ၂၂

လှူငယ် (ရေကြောင်း) ၁၉၇၁-၁၉၈၈ ကျောင်းသူကျောင်းသားဟောင်းများ ဆရာကန်တော့ပွဲကို မတ်၃၀ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီမှ မွန်းတည့် ၁၂နာရီအထိ ဗဟန်းကြားတောရရပ်ကွက် (ကြေးသွန်းဘုရားကြီးရှေ့) ဓနုဗမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ကိုဖုန်းမော် ဖုန်း-၂၄၉၇၄၉၊ အိအိသန့် ဖုန်း-၅၀၅၉၃၇၊ ကိုအောင်ချိုမင်း ဖုန်း-၂၅၂၆၃၈၊ ကိုဟန်ထွေးအောင် ဖုန်း-၀၉-၅၁-၀၅၈၁၅၊ ခင်လေးဝေ ဖုန်း- ၃၉၄၅၆၂၊ ကေသီဦး ဖုန်း-၅၂၄၆၂၈၊ အိအိဝင်း ဖုန်း-၅၁၀၆၂၅၊ ခင်မမချို ဖုန်း-၀၉-၉၉-၇၃၇၄၆နှင့် ကိုအေးလင်း ဖုန်း-၀၉-၅၁-၀၄၉၈၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

လေယာဉ်ပစ် ချူကလီးယားဒုံးကျည်ထိပ်ဖူးများ ပြင်သစ်နိုင်ငံက သုံးပုံတစ်ပုံလျှော့ထုတ်သွားမည်

ပါရီ မတ် ၂၂

ပြင်သစ်နိုင်ငံက လေယာဉ်ပစ် နျူကလီးယားဒုံးကျည် ထိပ်ဖူးများ ထုတ်လုပ်မှုကို သုံးပုံတစ်ပုံ လျှော့ချသွားမည်ဖြစ်ကြောင်း ပြင်သစ်သမ္မတဆာကိုဇီက ပြောကြားလိုက်သည်။

ဒုံးကျည်၃၀၀ထက်ပင် နည်းသွားသော ယင်းဖြတ်တောက် လျှော့ချမှုသည် စစ်အေးကာလအတွက် ပြင်သစ်နိုင်ငံက ဒုံးကျည်ထိပ်ဖူးထက်ဝက်ကို လျှော့ချနိုင်ခဲ့ပြီဖြစ်ကြောင်း မစ္စတာဆာကိုဇီက ပြောကြားသည်။

ပြင်သစ်နိုင်ငံသည်နျူကလီးယားလက်နက် ၃၄၈ခုကို ဖြန့်ကြက်ချထားကြောင်း၊ ယင်းတို့မှာ ရေငုပ်သင်္ဘောတွင် အသုံးပြုသော ဒုံးကျည်မှာ အများဆုံးဖြစ်ပြီး အရေအတွက်အားဖြင့် ၂၈၈လုံး၊ ခရုဇ်ဒုံးကျည်အလုံး ၅၀နှင့် လေယာဉ်ပစ် နျူကလီးယားဒုံးကျည် ၁၀ခုတို့ ပါဝင်ကြောင်း အမေရိကန်သိပ္ပံပညာရှင်များအဖွဲ့ချုပ်က ပြောကြားသည်။

(အင်တာနက်)

တရုတ်အနောက်ပိုင်း အင်အားပြင်းငလျင်လှုပ်

ရှင်ကျန်း မတ် ၂၂

တရုတ်နိုင်ငံအနောက်မြောက်ပိုင်း ရှင်ကျင့်ပြည်နယ်၌ မတ် ၂၁ရက်က ပြင်းအား ၇ ဒသမ၂ရှိ အင်အားပြင်းငလျင်လှုပ်သွားကြောင်း အင်တာနက်တွင် သတင်းဖော်ပြသည်။

ဖော်ပြ

အဆိုပါငလျင်သည် မတ် ၂၁ရက်က ဒေသစံတော်ချိန် ၆နာရီ ၃၃ မိနစ်တွင် လှုပ်ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန် ဘူမိဗေဒဆိုင်ရာ တိုင်းတာလေ့လာချက်တွင် ဖော်ပြသည်။

ယင်းငလျင်သည် ဟိုတန်မြို့ အရှေ့တောင်ဘက် မိုင်၁၄၀အကွာ ယူရှင်းဒေသကို ဗဟိုပြုလျက် လှုပ်သွားခြင်းဖြစ်သည်။

လူဦးရေထူထပ်

ငလျင်လှုပ်မှုကြောင့် အဆိုပါဒေသ၌အပျက်အစီးများမတွေ့ရသေးကြောင်း၊ ရှင်ကျင့်ဒေသသည် လူဦးရေထူထပ်သည့်ဒေသဖြစ်ကြောင်း စောစောပိုင်းက တရုတ်မီဒီယာများက ဖော်ပြသည်။

သေဆုံး

၂၀၀၃ခုနှစ်က ရှင်ကျင့်ပြည်နယ် အနောက်ပိုင်း၌ ၆ဒသမ၈အဆင့်ရှိ ငလျင်လှုပ်ခဲ့ရာ လူပေါင်း ၂၆၀ကျော် သေဆုံးပြီး နေအိမ်အလုံး ၁၀၀၀၀ပျက်စီးသွားသည်။

(အင်တာနက်)

ဆော်ဒီ၌ ပထမဆုံး အမျိုးသမီးဟိုတယ်ဖွင့်

ရီးယာ့ဒ် မတ် ၂၂

ဆော်ဒီအာရေဗျနိုင်ငံ ရီးယာ့ဒ်မြို့၌ အမျိုးသမီးများသာတည်းခိုသည့် ပထမဆုံးသော ဟိုတယ်ကို ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

ယင်းဟိုတယ်ကြီးကို မတ် ၁၉ ရက်က ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ အမျိုးသမီးအသုံးအဆောင်နှင့် အလှကုန်ပစ္စည်းများဖြင့် ခမ်းနားထည်ဝါစွာ ခင်းကျင်းပြသထားကြောင်း သတင်းတွင် ဆက်လက်ဖော်ပြသည်။

အဆိုပါ ဟိုတယ်ကြီးကို အမျိုးသမီးများသာ ပိုင်ဆိုင်ပြီး အတွင်းပိုင်းတွင်လည်း အမျိုးသမီး ဝန်ထမ်းများသာ တာဝန်ထမ်းဆောင်ကြောင်း၊ ဟိုတယ်အတွင်း တာဝန်ထမ်းဆောင်သည့် ဝန်ထမ်းများမှာ အိုင်တီအင်ဂျင်နီယာမှအီလက်ထရွန်နစ် အင်ဂျင်နီယာများအထိ အမျိုးသမီးများသာ ဖြစ်ကြောင်း အမှုဆောင်ညွှန်ကြားရေးမှူး ကော့တင်ဟိုက ရိုက်တာသို့ ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

ဘဝအမောပြေ

ဆိုင်းဘုတ်ကြောင့်ပါ . . . .

အိမ်မွေးခွေးများ ရောင်းချနေသောဆိုင်၌ အမျိုးသားများ ကြိတ်ကြိတ်တိုးဝယ်ယူနေကြရာ ဆိုင်ပိုင်ရှင်မိတ်ဆွေတစ်ဦး ရောက်ရှိလာသည်။

မိတ်ဆွေ ။ ။ ရောင်းကောင်းလိုက်တာနော်။
ဆိုင်ရှင် ။ ။ ဒါပေါ့ . . . ရောင်းကောင်းအောင်လုပ်ထားတာကိုး။
မိတ်ဆွေ ။ ။ ဘယ်လိုများ လုပ်ထားတာလဲ။
ဆိုင်ရှင် ။ ။ ဘာမှတော့မဟုတ်ပါဘူး။ ဒီဆိုင်းဘုတ်ကြောင့်ပါ။
မိတ်ဆွေ ။ ။ အဲဒီဆိုင်းဘုတ်ပြပါဦး။
ဆိုင်ရှင် ။ ။ ဒီမှာလေ . . . . ဆိုင်းဘုတ်က ''ဇနီးများကို အသေကိုက်နိုင်သော ခွေးများရောင်းချနေပြီ''
မိတ်ဆွေ ။ ။ ''ဗျာ''

နိုင်ငံတကာသတင်း စုစည်း ဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုးနှင့် ချစ်စိုးနိုင်

အမေရိကန်နိုင်ငံ အနောက်အလယ်ပိုင်း မစ်ဆော်ရီပြည်နယ် ပင်လယ်ကမ်းရိုးတန်းဒေသရှိ ကွန်းကျွန်းတွင် မိုးသည်းထန်စွာ ရွာသွန်းပြီးနောက် ရေလွှမ်းနေသည်ကို မတ် ၂၀ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အိန္ဒိယပန်းချီကား ဒေါ်လာတစ်သန်းခွဲရရှိ

နယူးယောက် မတ် ၂၂

အိန္ဒိယနိုင်ငံ၏ အကျော်ကြားဆုံး ပန်းချီဆရာဖြစ်သည့် မက်ဘိုးလ်ဖီဒါဟူစိန် ရေးဆွဲခဲ့သော ပန်းချီကားတစ်ချပ်ကို နယူးယောက်မြို့၌ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ သန်းဖြင့် လေလံတင်ရောင်းချလိုက်သည်။ ပန်းချီဆရာ ဖီဒါဟူစိန်က အဆိုပါ ပန်းချီကားကို ၁၉၇၁ခုနှစ်က ရေးဆွဲခဲ့ခြင်းဖြစ်ကြောင်း၊ ပန်းချီကား၏အမည်မှာ ဂင်္ဂါယာမုနဟု အမည်ပေးထားကြောင်း သိရသည်။

ရောင်းချ

အဆိုပါ ပန်းချီကားကို နယူးယောက်မြို့ခရစ္စတီးလေလံတင်ရောင်းချရေးရုံးက လေလံတင် ရောင်းချခဲ့ခြင်းဖြစ်သည်။

အကျော်ကြားဆုံး

အသက် ၉၃နှစ်ရှိ ပန်းချီဆရာ ဖီဒါဟူစိန်သည် အိန္ဒိယ ပန်းချီဆရာများတွင်အကျော်ကြားဆုံးနှင့်အအောင်မြင်ဆုံးသော ပန်းချီဆရာတစ်ဦးဖြစ်သည်။

(အင်တာနက်)

ကင်ညာဒုက္ခသည်စခန်းရောက် လယ်သမားအဘိုးအို ကမ္ဘာ့အသက်အကြီးဆုံးကျောင်းသားအဖြစ် ပညာသင်ယူနေ

အယ်ဒိုးရက်(ကင်ညာ) မတ် ၂၂

ကင်ညာနိုင်ငံမှ အသက် ၈၈ နှစ်အရွယ်ရှိ ဆင်းရဲသားလယ်သမားတစ်ဦးသည် ရွေးကောက်ပွဲအပြီး အကြမ်းဖက်မှုများကြောင့် ဒုက္ခသည်စခန်းတစ်ခုသို့ရောက်ရှိခဲ့သော်လည်း သင်ကြားနေသော မူလတန်းပညာရေးကို ဖွဲလုံ့လ မလျှော့ဘဲ ဆက်လက်ပညာသင်ယူရန် ကြိုးစားခဲ့သည်။

သယ်ဆောင်

ကီမာနီမာရုဂျီ အမည်ရှိ အဆိုပါ လယ်သမားအဘိုးအိုသည် ဒုက္ခသည် ၁၄၀၀၀ နေထိုင်ရာ စခန်းမှ နေ့စဉ်နံနက်တိုင်း စာအုပ်စာတမ်းများ သယ်ဆောင်လျက် နှစ်မိုင်ခွဲအကွာရှိ မူလတန်း ကျောင်းလေးသို့ လမ်းလျှောက်သွားသည်ဟု ဆိုသည်။

ပြောပြ

''ကျွန်တော်ဟာ ကျွန်တော်နေထိုင်တဲ့အရပ်မှာ အကြမ်းဖက်တိုက်ပွဲတွေကဖြစ်၊ အိမ်တွေကို မီးရှို့လုပ်နေတဲ့ အချိန်မှာ ဒီဒုက္ခသည်စခန်းကို ရောက်လာခဲ့တာပါပဲ''ဟု ကြက်ခြေနီအဖွဲ့က ဆောက်ပေးထားသည့် ၎င်းနေထိုင်ရာ တဲလေးပေါ်သို့ မိုးများတဖွဲဖွဲ ရွာချနေစဉ် အဘိုးမာရုဂျီက ပြောပြလေသည်။

''ကျွန်တော် ဒီဒုက္ခသည်စခန်းကို အခန့်မသင့်လို့ရောက်ခဲ့ပေမယ့် ပညာသင်ယူတဲ့အလုပ်ကို ဖွဲမလျှော့ခဲ့ပါဘူး၊ ကျောင်းပညာသင်ကြားရတာကျွန်တော့်အတွက်တော့ အလွန့်အလွန်အရေးကြီးပါတယ်'' ဟု အဘိုးမာရုဂျီက ဆက်လက် ပြောကြားသည်။

ထွက်ပြေး

၎င်းသည် ကီကုယုလူမျိုးစု အဖွဲ့ဝင်တစ်ဦးဖြစ်သည်။ ကင်ညာအနောက်ပိုင်းတွင်ရှိသော ယင်း လူမျိုးစုများသည် ဒီဇင်ဘာလက ရွေးကောက်ပွဲ အငြင်းပွားမှု ဖြစ်ပွားခဲ့ပြီးနောက် အုပ်စုဖွဲ့ တိုက်ခိုက်ခြင်းကြောင့် ထွက်ပြေးကြရသည်။

တိုက်ခိုက်

သမ္မတကီဘာကီသည် ကီကုယုလူမျိုးစုဝင်တစ်ဦးဖြစ်သည်။ ရွေးကောက်ပွဲရလဒ်အပေါ် မကျေနပ်၍ ၎င်း၏ လူမျိုးစုအား ဂိုဏ်းဖွဲ့ တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

အဘိုးမာရုဂျီနှင့် ထွက်ပြေးလာကြသော ဒုက္ခသည် ၃၀၀၀၀ကျော်တို့သည် ယင်းတို့၏ နေအိမ်များသို့ ပြန်ရန် စိုးရိမ်ထိတ်လန့်နေကြဆဲ ဖြစ်သည်။

အမ်အင်န်အေ၊ရိုက်တာ

အီကွေဒေါတွင် ရေလွှမ်း ၄၂ဦး သေဆုံး

ကွီတို မတ် ၂၂

အီကွေဒေါ နိုင်ငံတွင် နှစ်လကြာ မိုးသည်းထန်စွာရွာသွန်းပြီး အဆက်မပြတ်ရေလွှမ်းမှုကြောင့် ၄၂ဦးသေဆုံးပြီး ရှစ်ဦးပျောက်ဆုံးနေကြောင်း မြို့ပြကယ်ဆယ်ရေးဌာနက မတ် ၂၁ရက်၌ သတင်းထုတ်ပြန်ခဲ့သည်။

ထုတ်ပြန်

အဆိုပါ ရေလွှမ်းမှုကြောင့်မိသားစုပေါင်း ၁၂၃၇စုမှာ အိုးအိမ်များကို စွန့်ခွာ ထွက်ပြေးနေကြရကြောင်း၊ ပြည်နယ် ၁၃ခုမှ မိသားစု ၃၁၆၈စုကို ယာယီကယ်ဆယ်ရေးစခန်းများတွင် နေရာချပေးခဲ့ရကြောင်း၊ ရေလွှမ်းမှုကြောင့် စိုက်ပျိုးရေးကဏ္ဍတွင် အမေရိကန် ဒေါ်လာ ၈၂သန်းကျော် ဆုံးရှုံးခဲ့ရကြောင်း ယင်းဌာနက ထုတ်ပြန်သောသတင်း၌ ဖော်ပြသည်။

ပြောကြား

အီကွေဒေါနိုင်ငံ၏ သုံးပုံတစ်ပုံနီးပါးရှိသော ပြည်သူပြည်သားသုံးသန်းခွဲသည် ယင်းရေလွှမ်းမှုဒဏ်ကို ခံစားခဲ့ရကြောင်း ပြည်ထဲရေးဝန်ကြီး ဂုတ်စတာဗိုလာရီယာက ပြောကြားခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကား တစ်ရာကျော် ဆင့်ကဲတိုက်မှုဖြစ်ပွား

ချက်သမ္မတနိုင်ငံ ပရာဂ့်မြို့နှင့် ဘရာနိုမြို့ကြား အဝေးပြေးလမ်းမကြီးပေါ်၌ မတ် ၂၀ရက်က နှင်းမုန်တိုင်းတိုက်ခတ်ပြီးနောက် ကား ၁၁၆စီး ဆင့်ကဲတိုက်မှု ဖြစ်ပွားပြီးနောက် ပျက်စီးသွားသောကားများကို ဤသို့ တွေ့ရသည်။

(အင်တာနက်ဓာတ်ပုံ)

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

ဆွစ်ဇာလန်နိုင်ငံမြောက်ပိုင်း ဇူးရစ်မြို့ရှိ ဇူးရစ်တိရစ္ဆာန်ဥယျာဉ်၌ အသက် ၇၀ ရှိသော လိပ်မကြီးတစ်ကောင်က ဥအုကာ လိပ်လေးတစ်ကောင် ပေါက်ဖွားခဲ့သည်ကို မတ် ၂၁ ရက်က ဤသို့တွေ့ရသည်။ (အင်တာနက်ဓာတ်ပုံ)

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့သား အသက် ၁၆နှစ်အရွယ်ရှိ ဂျိုနသန်စထရစ်လန့်သည် အသက်၁၂နှစ်အရွယ်မှ စတင်ကာ ရဟတ်ယာဉ်နှင့်အခြားလေယာဉ်ငယ်များကိုအကူလေယာဉ်မှူးအဖြစ် စတင်မောင်းနှင်ခဲ့ပြီးနောက် ယခုအခါအမေရိကန်မှကနေဒါနိုင်ငံသို့ ရဟတ်ယာဉ်ဖြင့် အောင်မြင်စွာ မောင်းနှင်နိုင်ခဲ့မှုကြောင့် ကမ္ဘာ့အသက်အငယ်ဆုံး လေယာဉ်မှူးအဖြစ် မတ် ၂၁ရက်က ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

လူနေမှုအဆင့်မြင့်လာသည့် ဆူရီနမ်နိုင်ငံ

သတင်းအက်ဆေး

ဆူရီနမ်နိုင်ငံသည် တောင်အမေရိကတိုက် မြောက်ဘက်ကမ်းခြေတွင် တည်ရှိသည်။ ဒတ်ချ် ဂိုင်ယာနာဟု တစ်ချိန်က ခေါ်တွင်ခဲ့သည့် ဆူရီနမ်နိုင်ငံသည် တောင်အမေရိကတိုက်မှ နိုင်ငံငယ်လေးဖြစ်သည်။ လူနေမှုအဆင့်အတန်း အတော်မြင့်မားသော်လည်း နိုင်ငံရေး၊ စီးပွားရေး စိန်ခေါ်မှုများလည်း ရင်ဆိုင်နေရသည်။

ပြန်လည်ရောက်ရှိ

၁၉၇၅ခုနှစ်တွင် နယ်သာလန်နိုင်ငံ လက်အောက်မှ ဆူရီနမ်နိုင်ငံ လွတ်လပ်ရေးရပြီးကတည်းက ဤနိုင်ငံ၌ အာဏာသိမ်းမှုများနှင့် ပြည်တွင်းစစ်တို့ကို ကြုံတွေ့ဖြတ်သန်းလာရသည်။ လွတ်လပ်ရေးရပြီး ခေတ်တွင် အာဏာရှင်ဆန်သော စစ်ဘက်ခေါင်းဆောင်ဟောင်း ဒေဆီဘူတာ့စ်၏ နိုင်ငံရေးချုပ်ကိုင်မှု ကာလရှည်ကြာသည်။ ယခုတော့ အရပ်သားအုပ်ချုပ်မှုအောက်သို့ ပြန်လည်ရောက်ရှိနေပေသည်။ ဆူရီနမ်ကမ်းခြေကို ၁၄၉၈ ခုနှစ်တွင် ခရစ္စတိုဖာကိုလံဘတ် စတင်တွေ့ရှိခဲ့သည်။ ၁၆၀၂ ခုနှစ်တွင် ဒတ်ချ်တို့အခြေချသည်။ ၁၆၅၁ ခုနှစ်တွင် ဗြိတိန်စိုက်ပျိုးရေးသမားများနှင့် ၎င်းတို့၏ကျွန်များက ဆူရီနမ်တွင် ပထမဆုံး ဥရောပရပ်ကွက်ထူထောင်နေထိုင်သည်။ ၁၆၆၇ ခုနှစ်တွင် ဗြိတိန်က ဆူရီနမ်၏အချို့အပိုင်းကို နယ်သာလန်သို့ ထိုးအပ်လိုက်ရသည်။ ၁၆၈၂ခုနှစ်တွင် ကော်ဖီနှင့် ကြံစိုက်ပျိုးရေး စတင်လုပ်ကိုင်သည်။ အာဖရိကကျွန်များကို စေခိုင်းသည်။

ထိန်းထား

၁၉၁၆ခုနှစ်တွင် အမေရိက အလူမီနီယံကုမ္ပဏီ(အယ်ကိုအာ)က ဘောက်ဆိုက် သတ္တုတူးဖော်ရေးလုပ်ငန်းစတင်သည်။ ထိုလုပ်ငန်းသည် ဆူရီနမ်နိုင်ငံ၏ အဓိကပို့ကုန်အဖြစ် တဖြည်းဖြည်းကြီးပွားလာသည်။ ၁၉၅၄ခုနှစ်တွင် ဆူရီနမ်နိုင်ငံမှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရလာသည်။ သို့သော် ကာကွယ်ရေးနှင့် နိုင်ငံခြားဆက်ဆံရေးကိုမူ နယ်သာလန်နိုင်ငံက ထိန်းထားသည်။

၁၉၇၅ခုနှစ်တွင် လွတ်လပ်ရေးရသည်။ ဂျိုမန်ဖာရီးယားက သမ္မတဖြစ်လာပြီး၊ ဆူရီနမ်အမျိုးသားရေးပါတီ(အင်ပီအက်စ်)မှ ဟင်အာရွန်က ဝန်ကြီးချုပ်ဖြစ်လာသည်။ ပြည်သူသုံးပုံတစ်ပုံကျော်တို့ ထိုနှစ်က နယ်သာလန်နိုင်ငံသို့ ထွက်ခွာ အခြေချကြသည်။ ၁၉၈၀ပြည့်နှစ်တွင် အာရွန်အစိုးရကို စစ်တပ်ကအာဏာသိမ်းလိုက်သည်။ သို့သော် သမ္မတဖာရီးယားက စစ်အစိုးရကိုအသိအမှတ်ပြုရန် ငြင်းဆိုသည်။ အမျိုးသားရေးရီပတ်ဘလီကင်ပါတီ(ပီအင်အာရ်)မှ ချင်အေဆင်ကို အရပ်သားအစိုးရအဖြစ် ဦးဆောင်ရန် သမ္မတဖာရီးယားကခန့်အပ်သည်။ စစ်တပ်က ဖာရီးယားအား ချင်အေဆင်ဖြင့် အစားထိုးလိုက်သည်။ ၁၉၈၂ခုနှစ်တွင် ဗိုလ်မှူးကြီးဒေဆီဘူတာ့စ် ဦးဆောင်သည့် စစ်တပ်ကအာဏာသိမ်းပြီး တော်လှန်ရေးပြည်သူ့တပ်ဦးကို ထူထောင်သည်။ အတိုက်အခံ ၁၅ဦးတို့က အာဏာသိမ်းရန် ကြိုးပမ်းသည်ဟု စွဲချက်တင်ပြီး ၎င်းတို့ကိုကွပ်မျက်သည်။ နယ်သာလန်နှင့် အမေရိကန်တို့က စီးပွားရေးကူညီမှု ဖြတ်တောက်ကာ တုံ့ပြန်လိုက်သည်။ ၁၉၈၅ခုနှစ်တွင် နိုင်ငံရေးပါတီများ တားမြစ်ခြင်းကို ရုပ်သိမ်းပေးသည်။

၁၉၈၆ခုနှစ်တွင် ကျွန်အဖြစ်မှ လွတ်မြောက်သူ အာဖရိကန္ဒယ်ဖွားများ အများစုပါဝင်သည့် ဆူရီနမ်လွတ်မြောက်ရေးတပ်(အက်စ်အယ်အေ)က ပြောက်ကျားစစ် စတင်ဆင်နွှဲသည်။ လပိုင်းအတွင်း ဘောက်ဆိုက်သတ္တု တူးဖော်ရေးလုပ်ငန်းနှင့် သတ္တုသန့်စင်ရေးစက်ရုံလုပ်ငန်းများ ရပ်ဆိုင်းသွားသည်။

ရွေးချယ်

၁၉၈၈ခုနှစ်တွင် လယ်ယာစိုက်ပျိုးရေးဝန်ကြီးဟောင်း ရှန်ကာသမ္မတအဖြစ် ရွေးချယ်ခံရသည်။ ၁၉၈၉ခုနှစ်တွင် သမ္မတရှန်ကာနှင့် အက်စ်အယ်အေတို့ရရှိသည့် ငြိမ်းချမ်းရေးသဘောတူညီချက်ကို ဘူတာ့စ်ကပယ်ချလိုက်ပြီး ဆက်လက်တိုက်ရန်ဆုံးဖြတ်သည်။ ၁၉၉၀ ပြည့်နှစ်တွင် ဘူတာ့စ်ကြိုးကိုင်သည့် စစ်ဘက်အာဏာသိမ်းမှုဖြစ်ပြီး သမ္မတရှန်ကာကို ဖယ်ရှားသည်။ ၁၉၉၁ ခုနှစ်တွင် အင်န်ပီအက်စ်မှ ဂျိုဟန်ကရား ယာယီသမ္မတဖြစ်လာသည်။ ထိုနှစ်ရွေးကောက်ပွဲတွင် ဒီမိုကရေစီနှင့် ဖွံ့ဖြိုးရေးတပ်ဦးသစ်က အနိုင်ရပြီး ရော်နယ်ဗီနီရှန်းအား သမ္မတအဖြစ်ရွေးချယ်သည်။ ၁၉၉၂ ခုနှစ်တွင် အက်စ်အယ်လ်အေနှင့် ငြိမ်းချမ်းရေးသဘောတူညီမှုရသည်။ ၁၉၉၆ခုနှစ်တွင် ဘူတာ့စ်၏မဟာမိတ် ဂျူးလက်စီဒင်ဘော့ သမ္မတအဖြစ်အရွေးခံရသည်။ ၂၀၀၀ပြည့်နှစ်ရွေးကောက်ပွဲတွင် ရော်နယ်ဗီနီရှန်း သမ္မတဖြစ်လာသည်။ ၂၀၀၅ ခုနှစ် ဩဂုတ်လ ရွေးကောက်ပွဲတွင်လည်း ရော်နယ်ဗီနီရှန်းကိုပင် ထပ်မံရွေးချယ်သည်။

ငွေကြေးတည်ငြိမ်မှု

ပထမအကြိမ်ရွေးချယ်ခံရစဉ်က သူ၏ မြိုးခြံချွေတာရေး အစီအစဉ်ကြောင့် ငွေကြေးတည်ငြိမ်မှုရရှိပြီး ဘတ်ဂျက်ပိုငွေ ပြလာခဲ့သည်။ ယခုလည်း ငွေကြေးဖောင်းပွမှု ထိန်းချုပ်ရေးနှင့် ငွေလဲနှုန်းတည်ငြိမ်ရေးအတွက် သမ္မတအနေဖြင့် အရေးပေါ်ဆောင်ရွက်မှုများ ပြုလုပ်ရသည်။ ဤနိုင်ငံသည် လူမျိုးစုံမှီတင်းနေထိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ အထူးသဖြင့် အာဖရိကကျွန်များမှ ဆင်းသက်လာသူများနှင့်တကွ အိန္ဒိယ၊ ဂျာဗားမှ စာချုပ်ဖြင့် လာရောက်အလုပ်လုပ်သူများထဲမှ ဆင်းသက်လာသူများက အများစုဖြစ်သည်။ နိုင်ငံရေးပါတီများမှာလည်း လူမျိုးရေးကို အခြေခံဖွဲ့စည်းထားခြင်း ဖြစ်သည်။

ဆူရီနမ်နိုင်ငံကမ်းလွန်တွင် ရေနံထွက်ရှိသည့်အတွက် အနာဂတ်တွင် အားထားရဖွယ် စီးပွားရေး အခွင့်အလမ်းတစ်ခုဖြစ်သည်။ ထို့ပြင် မိုးသစ်တောများ၊ တောရိုင်းတိရစ္ဆာန်အများအပြားနှင့်တကွ မြို့တော် ပါရမီဘိုမှ ကိုလိုနီခေတ်ဗိသုကာလက်ရာများမှာ ခရီးသွားလုပ်ငန်းအတွက် အလားအလာကောင်းများ ဖြစ်သည်။ အကောင်အထည်ဖော်နိုင်မည်ဆိုလျှင် ဆူရီနမ်ပြည်သူတို့၏ လူနေမှုအဆင့်အတန်းမှာ ပိုမို မြင့်တက်လာမည် ဖြစ်ပါကြောင်း။ ။

ကိုးကား-အင်တာနက်

တိုး-ရေးသားသည်

ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

၂၂-၃-၂၀၀၈

ကမ္ဘောဒီးယားဘုရင် ဘရူနိုင်းသို့ချစ်ကြည်ရေးခရီးသွားမည်

ကမ္ဘောဒီးယားဘုရင် နိုရိုဒွန်သီဟာနုသည် ချစ်ကြည်ရေးအလည်အပတ်ခရီးအဖြစ် ဘရူနိုင်းနိုင်ငံသို့ မကြာမီသွားရောက်မည်ဖြစ်ကြောင်း ကမ္ဘောဒီးယားအရာရှိများက ပြောကြားသည်။

နိုရိုဒွန်သီဟာနုအနေဖြင့် ဘရူနိုင်းနိုင်ငံသို့ မတ် ၂၄ရက်မှ ၂၆ရက်အထိသွားရောက် ရန်စီစဉ်ထားကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ရန်အတွက်ဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

အီဂျစ်မှ ဂါဇာကမ်းမြောင်ဒေသသို့ ဓာတ်ငွေ့ပို့လွှတ်ပေးမည်

အီဂျစ်နိုင်ငံက ဂါဇာကမ်းမြောင်ဒေသသို့ သဘာဝဓာတ်ငွေ့များ ပို့လွှတ်ပေးမည်ဖြစ်ကြောင်း အီဂျစ်အရာရှိများက ပြောကြားသည်။

ထို့အပြင် သဘာဝဓာတ်ငွေ့နှင့် ရေနံတူးဖော်ရေးလုပ်ငန်းများကိုလည်း ပူးတွဲရှာဖွေထုတ်လုပ်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း အီဂျစ်အရာရှိများက ဆက်လက်ပြောကြားသည်။

တရုတ်ပိုယန်ရေအိုင်ကြီးပေါ်ဖြတ်ဖောက်သည့်မီးရထားလမ်းဖွင့်

တရုတ်နိုင်ငံ၏ အကြီးဆုံး ရေအိုင်ကြီးဖြစ်သည့် ပိုယန်ရေအိုင်ပေါ်မှ ဖြတ်ပြီး ဖောက်လုပ်ထားသော ရထားလမ်းကို စတင်ဖွင့်လှစ်လိုက်ကြောင်း တရုတ်ပို့ဆောင်ရေးအရာရှိများက ပြောကြားသည်။

အဆိုပါမီးရထားလမ်းအရှည်မှာ ၂၅၁ ကီလိုမီတာရှိပြီး ပိုယန်ရေအိုင်ပေါ် ဖြတ်ဖောက်ထားသည့် တံတားအရှည်အစိတ်အပိုင်းမှာ ၅ဒသမ၅ကီလိုမီတာရှိသည်။

ကမ္ဘာ့ဈေးကွက်၌ ဒေါ်လာတန်ဖိုးမြင့်တက်

ကမ္ဘာ့ငွေကြေးဈေးကွက်၌ အမေရိကန် ဒေါ်လာတန်ဖိုး ဆက်လက်မြင့်တက်လျက်ရှိကြောင်း အမေရိကန် ငွေကြေးဈေးကွက်မှ လုပ်ငန်းရှင်များက ပြောကြားသည်။

နယူးယောက်ဈေးကွက်၌ တစ်ယူရိုလျှင် အမေရိကန် ဒေါ်လာ ၁ ဒသမ ၅၄၄၄ ဒေါ်လာရှိနေခြင်း အင်္ဂလန်ငွေတစ်ပေါင်လျှင် အမေရိကန်ဒေါ်လာ ၁ဒသမ ၉၈၄၉ ဒေါ်လာ ရှိနေသည်။

စော်ဘွားများလေကြောင်းလိုင်း၌ ဖုန်းပြောခွင့်ပြုမည်

ဒူဘိုင်းအခြေစိုက် စော်ဘွားများ လေကြောင်းလိုင်းရှိ ခရီးသည်တင်လေယာဉ်များ ပေါ်တွင် ခရီးသည်များ မိုဘိုင်းလ်ဖုန်းအသုံးပြုခွင့် စတင်ပေးတော့မည်ဖြစ်ကြောင်း ဒူဘိုင်းမြို့ လေကြောင်းအရာရှိများက ပြောကြားသည်။

ထိုသို့အသုံးပြုခွင့်ပေးပါက ကမ္ဘာ့လေကြောင်းလိုင်းများ၌ ပထမဆုံး မိုဘိုင်းလ်ဖုန်း အသုံးပြုခွင့်ပေးသည့် လေကြောင်းလိုင်းအဖြစ် ရပ်တည်နိုင်မည်ဖြစ်သည်။

ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းများ ဆက်လက်ကျဆင်း

ကမ္ဘာ့ဈေးကွက်၌ ရေနံစိမ်းဈေးနှုန်းများ ဆက်လက်ကျဆင်းလျက်ရှိကြောင်း ရေနံရောင်းနိုင်ငံများအဖွဲ့(အိုပက်)မှ အရာရှိများက ပြောကြားသည်။

အမေရိကန်ဈေးကွက်တွင် ရေနံစိမ်းတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၁၀၀အထိ ဈေးနှုန်းကျဆင်းလာကြောင်း သိရသည်။

တရုတ်၌ ဒုတိယမြောက် နျူစွမ်းအင်စက်ရုံတည်ဆောက်မည်

တရုတ်နိုင်ငံအရှေ့ပိုင်း ဖူကျင်ပြည်နယ်တွင် ဒုတိယမြောက် နျူကလီးယားစွမ်းအင်စက်ရုံတစ်ခုကို ထပ်မံတည်ဆောက်မည် ဖြစ်ကြောင်း တရုတ်စွမ်းအင်အရာရှိများက ပြောကြားသည်။

အဆိုပါနျူကလီးယားစွမ်းအင်စက်ရုံကို ဖူကျင်ပြည်နယ် ကျန်ဆွီကျေးရွာအနီး ကမ်းခြေတွင်လာမည့် နိုဝင်ဘာ၌ စတင်တည်ဆောက်သွားမည်ဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

ဘာဝဒဿန အမြင်

* As a cure for worrying, work is better than whiskey.
ပူပင်ကြောင့်ကြမှုကို ကုစားရာ၌ အလုပ်လုပ်ခြင်းသည် ဝီစကီအရက်ထက် ပိုကောင်းသည်။

သောမတ်စ်အယ်လ်ဗာအက်ဒီဆင်
(ရူပဗေဒပညာရှင်နှင့် တီထွင်သူ)

* Speech is the picture of the mind.
ပြောဆိုသည့်စကားသည် စိတ်၏ပုံရိပ်ပင်ဖြစ်သည်။

ဂျိုးဇက်ပရစ်လေ
(အတွေးအခေါ် ပညာရှင်)

သတင်းမှပေးသော အသိနှင့် သတိပြုဖွယ်

မဆင်မခြင်မော်တော်ယာဉ်မောင်းနှင်ခဲ့ပါလျှင်....

ထိုင်းနိုင်ငံအရှေ့မြောက်ပိုင်း နောင်ခွန်ရတ်ချာစမာပြည်နယ် ခွန်ခရိုင်အတွင်း ယာဉ်မတော်တဆဖြစ်မှုကြောင့် အသက်သေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရရှိသူများဖြစ်ပေါ်ခဲ့ကြောင်း ဗန်ကောက်ရဲတပ်ဖွဲ့က ပြောကြားသည်။

အခင်းဖြစ်ပွားမှုမှာ လေအေးစက်တပ်ဆင်ထားသော ခရီးသည်တင် ဘတ်စ်ကားတစ်စီးသည် လမ်းခရီး၌ မော်တော်ယာဉ်တစ်စီးနှင့် အပြိုင်မောင်းနှင်ကျော်တက်ရာမှ တစ်နေရာအရောက်တွင် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးသို့ ထိုးကျခဲ့သွားရာ ခရီးသည်တစ်ဦးပွဲချင်းပြီးသေဆုံးပြီး ၂၀ကျော် အပြင်းအထန် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

ဤဖြစ်ရပ်သည် မော်တော်ယာဉ်ကို မဆင်မခြင်မောင်းနှင်ပြီး အပြိုင်ကျော်တက်ရာမှ ယခုကဲ့သို့ သေဆုံး ဒဏ်ရာရရှိမှုဖြစ်ပေါ်ခဲ့ရခြင်းဖြစ်ရာ သတိပြုသင်ခန်းစာ ယူစရာပင်ဖြစ်သည်။

မောင်မောင်မြင့်ဆွေ

အီရတ်စစ်စရိတ်နှင့် ကန်စီးပွားရေး အိုဘားမားထောက်ပြ အိုဘားမားထက် ဟီလာရီကို ပြည်သူတို့ ပိုထောက်ခံဟုဆို

ဝါရှင်တန် မတ် ၂၂

အမေရိကန်သမ္မတရွေးကောက်ပွဲဝင်ရန် ဒီမိုကရက်တစ်ပါတီမှ ဟီလာရီနှင့်အပြိုင်ကြိုးပမ်းနေသူ အိုဘားမားက တစ်နေ့တခြား ကြီးထွားလာသော အီရတ်စစ်စရိတ်နှင့် အမေရိကန်စီးပွားရေးကျဆင်းမှုတို့ကို နှီးနွှယ်ဆက်စပ်ကာ မတ် ၂၀ရက်က ထောက်ပြဝေဖန်လိုက်သည်။

အိုဘားမားနှင့် ဟီလာရီကလင်တန်

စိုးရိမ်မကင်းဖြစ်

အမေရိကန်စီးပွားရေးမှာ တိုးပွားလာသော ဘတ်ဂျက်လိုငွေပြမှု၊ ရေနံဈေးနှုန်းတက်မှုနှင့် အချိန်ကြာရှည်လာသော အန္တရာယ်ကြီးမားသည့် ချေးငွေအကျပ်အတည်းတို့ကြောင့် တိုးတက်မှု နှေးကွေးလာကြောင်း၊ ယခုအခါ အမေရိကန် မဲဆန္ဒရှင်ပြည်သူတို့ စိုးရိမ်မကင်းဖြစ်ရမှုတွင် အမေရိကန် စီးပွားရေးက အီရတ်စစ်ပွဲကိုပင် ကျော်လွန်ကာ ထိပ်မှနေရာယူလျက်ရှိကြောင်း အိုဘားမားက ပြောကြားသည်။

အာရုံစိုက်

သို့သော်လည်း ဒေါ်လာဘီလီယံပေါင်းများစွာ သုံးစွဲပြီး အမေရိကန်တပ်ဖွဲ့ဝင်ပေါင်း ၄၀၀၀နီးပါး သေဆုံးသည့်ကြားမှ ဆုံးခန်းမမြင်ရသေးသည့် အီရတ်စစ်ပွဲမှာ အာရုံစိုက်စရာ ဖြစ်နေဆဲပင် ဖြစ်သည်။

ဝေဖန်

ထိုသို့သော အခြေအနေတွင် အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်းသည် သမ္မတဘုရှ်၏ အီရတ်စစ်ပွဲဆိုင်ရာ အမှားအယွင်းတွင် တစိုက်မတ်မတ် ပါဝင်နေကြောင်း အိုဘားမားက ဝေဖန်လိုက်သည်။

အကြိတ်အနယ်စည်းရုံး

အိုဘားမားနှင့် ဟီလာရီတို့ အကြိတ်အနယ်စည်းရုံးမဲဆွယ်နေကြစဉ် မတ် ၁၄ရက်မှ ၁၈ရက်အတွင်း ကောက်ယူသည့် ဂေါလပ်ပြည်သူ့သဘောထား စစ်တမ်းတွင် အိုဘားမားထက် ဟီလာရီကလင်တန်ကို အမေရိကန်သမ္မတရွေးကောက်ပွဲ၌ ဒီမိုကရက်တစ်ပါတီကိုယ်စားလှယ်လောင်းဖြစ်ရန် အမေရိကန်ပြည်သူများက လိုလားကြောင်း ပြသနေသည်ဟု သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပါလက်စတိုင်း ပြိုင်ဘက်အုပ်စု ဆွေးနွေးပွဲ ပျက်ပြားကြောင်း မာမွတ်အဘတ်စ် ပြောကြား

ဆာနာ မတ် ၂၂

ပါလက်စတိုင်းပြိုင်ဘက်အုပ်စုများဖြစ်ကြသည့် ဖာတာနှင့် ဟားမတ်စ်တို့၏ တွေ့ဆုံဆွေးနွေးပွဲမှာ မအောင်မြင်ကြောင်း ပါလက်စတိုင်းခေါင်းဆောင်နှင့် ဖာတာအုပ်စုအကြီးအကဲ မာမွတ်အဘတ်စ် **(အပေါ်ပုံ)**က ပြောကြားလိုက်သည်။

တွေ့ဆုံဆွေးနွေး

ဆွေးနွေးပွဲပျက်ပြားမှုအတွက် နှစ်ဖက်စလုံးက အပြန်အလှန် ပြစ်တင်ပြောဆိုကြသည်။ ပါလက်စတိုင်းအုပ်စုနှစ်ခု တွေ့ဆုံဆွေးနွေးပွဲကို ယီမင်နိုင်ငံ ဆာနာမြို့၌ ကျင်းပသည်။

မဖြေရှင်းနိုင်သေး

ဂါဇာကမ်းမြောင်ကို အမျိုးသားညီညွတ်ရေးအစိုးရထံ ပြန်အပ်ပြီး ရွေးကောက်ပွဲပြန်လည်ကျင်းပရန် စေ့စပ်ရေးသမားများက တိုက်တွန်းသည်။

ဖာတာအုပ်စုနှင့် ဟားမတ်စ်အုပ်စုတို့က သူတို့နှစ်ဖွဲ့ ရန်စောင်နေခြင်းဖြင့် ပါလက်စတိုင်း အကျိုးကို ဖျက်ဆီးပစ်သလိုဖြစ်သည်ဟု ဝန်ခံကြသည်။ သို့သော် ယခုအထိ အပေးအယူလုပ်၍ မဖြေရှင်းနိုင်သေးဟု သိရသည်။

(အင်တာနက်)

ဝန်ကြီးချုပ်ရာထူးအတွက် ကိုယ်စားလှယ် ပါကစ္စတန် ပီပီပီဥက္ကဋ္ဌ ကြေညာမည်

အစ္စလမ္မာဘတ် မတ် ၂၂

ပါကစ္စတန်ပြည်သူ့ပါတီ (ပီပီပီ)ဥက္ကဋ္ဌ ဘီလာဝါးဘူတိုဇာဒါရီက ဝန်ကြီးချုပ်ရာထူးအတွက် ပါတီကိုယ်စားလှယ်ကို ကြေညာမည်ဖြစ်ကြောင်း ပါတီပြောရေးဆိုခွင့်ရှိသူ ဖာဟာတူလာက မတ် ၁၉ရက်တွင် ပြောကြားလိုက်သည်။

ပြောကြား

ပီပီပီဥက္ကဋ္ဌ ဘီလာဝါးဘူတိုဇာဒါရီက မည်သည့်အချိန် မည်သည့်နေ့ရက်တွင် ကြေညာမည်ဟု ဖာဟာတူလာက ထုတ်ဖော်မပြောသော်လည်း သင့်တော်သည့် အချိန်တွင် ထုတ်ပြန်ကြေညာမည်ဟုသာ ထည့်သွင်းပြောကြားသည်။

မျှော်လင့်ရ

ဘီလာဝါး ဘူတိုဇာဒါရီသည် လန်ဒန်မှ ပါကစ္စတန်နိုင်ငံသို့ မတ် ၁၉ရက်ကပင် ရောက်ရှိလာပြီဖြစ်သည့်အတွက် နှစ်ရက်အတွင်း ထုတ်ပြန်ကြေညာမည်ဟု မျှော်လင့်ရသည်ဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

စပိန်နိုင်ငံမြောက်ပိုင်း ကာလာဟောင်ရာမြို့ရှိ ရဲဌာန အဆောက်အအုံရှေ့တွင် ကားဗုံးဖောက်ခွဲမှုဖြစ်ပွားခဲ့ပြီးနောက် အပျက်အစီးများကို မတ်၂၁ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အင်္ဂါဂြိုဟ်၌ ဆားများဖုံးလွှမ်းနေ နာဆာအာကာသယာဉ်မှလေ့လာတွေ့ရှိ

ဝါရှင်တန် မတ် ၂၂

နေမှ စတင်ရေတွက်လျှင် စတုတ္ထမြောက်ဂြိုဟ်ဖြစ်သည့် အင်္ဂါဂြိုဟ်ပေါ်တွင် ရှေးအခါက ရေကန်များခန်းခြောက်ရာမှ ဆားတုံး၊ ဆားခဲများ ဖုံးလွှမ်းနေသည်ကို အင်္ဂါဂြိုဟ်လေ့လာရေး အာကာသယာဉ်အိုဒေးဆီက တွေ့ရှိခဲ့ကြောင်း နာဆာအဖွဲ့က မတ် ၂၀ ရက်တွင် ပြောကြားသည်။

အင်္ဂါဂြိုဟ်ပေါ်ရှိ ဆားတုံး၊ဆားခဲများ ဖုံးလွှမ်းရာ မျက်နှာပြင် တစ်နေရာကို မတ် ၁၉ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အဆိုပါ အင်္ဂါဂြိုဟ်၏ တောင်ကမ္ဘာခြမ်း၌ ကလိုရင်းဓာတ်သတ္တုနှင့် ဖုံးလွှမ်းနေသည်ကို နာဆာ အာကာသယာဉ်က တွေ့ရှိခဲ့ကြောင်း၊ ယင်းမှာ စားပွဲတင် ဆားများဖြစ်နိုင်ခြေရှိကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

လွန်ခဲ့သောနှစ် ဘီလီယံပေါင်းများစွာက ယင်းဂြိုဟ်ပေါ်ရှိ ဆားငန်ကန်များ အငွေ့ပြန်သွားရာမှ ဆားကျင်းများပေါ်ပေါက်လာဖွယ်ရှိကြောင်း သိပ္ပံပညာရှင်များက ယူဆထားကြသည်။

ရိုက်ကူးခဲ့

ယင်းတွေ့ရှိချက်ကို ၂၀၀၂ ခုနှစ်တွင် အင်္ဂါဂြိုဟ်လေ့လာရေးအာကာသယာဉ် အိုဒေးဆီ၌ တပ်ဆင်ထားသော ကင်မရာက မြေပုံမှတ်တမ်းများ ရိုက်ကူးခဲ့ရာမှ တွေ့ရှိခဲ့သည်ဟု ဆိုသည်။

(အင်တာနက်)

အီရတ်၌ သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေ စုစုပေါင်း ၃၉၉၀ ကျော်သွားခဲ့ပြီ

ဘဂ္ဂဒက် မတ် ၂၂

ဘဂ္ဂဒက်မြို့တော် အရှေ့မြောက်ဘက် ဒီယာလာပြည်နယ်အတွင်း ကားမှောက်ပြီးနောက် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးကြောင်း အမေရိကန်စစ်ဘက်က မတ် ၂၀ရက်က ကြေညာသည်။

ဖော်ပြ

နေရာအတိအကျ မဖော်ပြသော်လည်း ဒီယာလာပြည်နယ်အတွင်း၌ အမေရိကန်တပ်ဖွဲ့ဝင်များ စီးနင်းလိုက်ပါလာသည့် မော်တော်ယာဉ်မှာ မတ် ၁၉ရက်က တိမ်းမှောက်ခဲ့ကြောင်း အမေရိကန် စစ်ဘက်ကြေညာချက်တွင် အကျဉ်းမျှ ဖော်ပြထားသည်။

သေဆုံး

အမေရိကန် စစ်ဌာနချုပ်က ထုတ်ပြန်သည့် စာရင်းများကို အခြေခံပြီး ၂၀၀၃ ခုနှစ် မတ်လအတွင်း အမေရိကန် ဦးဆောင်သည့်တပ်များ အီရတ်နိုင်ငံကို ကျူးကျော်ဝင်ရောက်ကတည်းက အီရတ်၌သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ စုစုပေါင်း ၃၉၉၀ ကျော်သွားပြီ ဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

တပ်မတော်အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်လာသော လယ်ယာစိုက်ပျိုးရေးကဏ္ဍ

(၆၃)နှစ်မြောက် တပ်မတော်နေ့ အကြိုဂုဏ်ပြု

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းလားဒေသရှိ ဘိန်းအစားထိုးသီးနှံစိုက်ခင်းများကို ဝေဟင်မှ ဤသို့တွေ့ရသည်။
(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

လျှပ်စစ်မြစ်ရေတင်စီမံကိန်း

ဧရာဝတီတိုင်း ဟင်္သာတမြို့နယ်ရှိ စိုက်ပျိုးလယ်မြေဧကအမြောက်အမြားကို စိုက်ပျိုးရေပေးဝေလျက်ရှိသော မြို့ကွင်းလျှပ်စစ်မြစ်ရေတင်စီမံကိန်း ရေတင်စခန်းအမှတ်(၁)ကို ဤသို့တွေ့ရသည်။
(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

ပဲခူးတိုင်း ပဲခူးမြို့နယ် တောင်ဆတ်အင်း ကျေးရွာအနီး တည်ဆောက်ဖွင့်လှစ်ခဲ့သည့် ဝါးကတုတ် ရေကူရေလှောင်တမံနှင့် ရေထိန်းမျှော်စင်တို့ကို ဤသို့တွေ့နိုင်သည်။
(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

စဉ်	အကြောင်းအရာ	၁၉၈၈	၂၀၀၇	တိုးတက်မှု
၁	စိုက်ပျိုးမြေဧရိယာဧက	၂၃. ၈	၅၃. ၇၈	၂၉. ၉၈
၂	မြေလွတ်မြေရိုင်းဧက(သန်း)	၂၆. ၁	၁၀. ၄၀	စိုက်မြေတိုး
၃	တည်ဆောက်ပြီးဆည်တမံ	၁၃၈	၃၄၄	၂၀၆
၄	တည်ဆောက်ဆဲဆည်တမံ	-	၄၀	၄၀
၅	ဆောင်ရွက်ပြီးမြစ်ရေတင်လုပ်ငန်း	-	၃၀၅	၃၀၅
၆	ဆောင်ရွက်ဆဲမြစ်ရေတင်လုပ်ငန်း	-	၂၉၈	၂၉၈
၇	စုစုပေါင်းအကျိုးပြုဧရိယာဧက(သန်း)	၁. ၃၅	၅	၃. ၆၅
၈	သီးထပ်ဧရိယာဖြစ်ထွန်းမှုဧက(သန်း)	၃. ၈၉	၁၆. ၈	၁၂. ၉၁
၉	မိုးစပါးစိုက်ဧက(သန်း)	၁၁. ၈၁	၁၇	၅. ၁၉
၁၀	နွေစပါးစိုက်ဧက(သန်း)	-	၀. ၅၈	၀. ၅၈
၁၁	စုစုပေါင်းစပါးထုတ်လုပ်မှုတင်း(သန်း)	၆၃၀	၁၅၀၀	၈၇၀
၁၂	နိုင်ငံ့ဝမ်းစာဖူလုံမှုရာခိုင်နှုန်း	-	၁၅၂%	၁၅၂%
၁၃	ပဲမျိုးစုံစိုက်ဧက(သန်း)	၁. ၈	၉. ၈၉	၈. ၀၉
၁၄	ဆီထွက်သီးနှံစိုက်ဧက(သန်း)	၁. ၃၆	၈. ၇၅	၇. ၃၉



23-3 (07).pmd 1 3/23/2008, 12:36 AM

(၆၃)နှစ်မြောက် တပ်မတော်နေ့ အကြိုဂုဏ်ပြုဆောင်းပါး

လက်ဆင့်ကမ်းတာဝန်

တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်

လှိုင်အောင်

စစ်သားဟောင်းကြီး ဦးဘမှန် ပက်လက်ကုလားထိုင်တွင်ထိုင်ရင်း တပ်မတော်နေ့ စစ်ရေးပြအတွက် တပ်မတော်သားများ၏ စစ်ရေးပြလေ့ကျင့်နေပုံများ ရုပ်မြင်သံကြားမှ ထုတ်လွှင့် ပြသနေသည်ကို ကြည့်နေသည်။ ရုပ်မြင်သံကြားမြင်ကွင်း၌ အရဏ်တက်စ ဖျိုးဖျရောင်နီအောက်တွင် တပ်မတော်နေ့ စစ်ရေးပြစစ်ကြောင်းကြီးများ စစ်ရေးပြကွင်းထဲ၌ သစ္စာလေးချက်ကို သံပြိုင်ရွတ်ဆိုနေကြသည်။

"ငါတို့သည် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ သစ္စာကို စောင့်သိ ရိုသေပါမည်။

ငါတို့သည် ကျဆုံးလေပြီးသော တပ်မတော်သားတို့၏ သစ္စာကို စောင့်သိ ရိုသေပါမည်။

ငါ့အား အထက်မှပေးအပ်သော အမိန့်နှင့်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ပါမည်။

ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော်အတွက် ငါ၏ အသက်ကို စွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုပါ၏။"

ရုပ်မြင်သံကြားဖန်သားပြင်ပေါ်မှ တပ်မတော်သားများနှင့်အတူ သစ္စာလေးချက်ကို စိတ်တွင်းမှ လိုက်ဆိုမိရင်း ဦးဘမှန်၏စိတ်များက အတိတ်ကြေးမုံပြင်အတွင်းသို့ ထွင်းဖောက်၍ ပြန်လည် ဝင်ရောက်သွားတော့သည်။

၁၉၆၀ ပြည့်လွန်နှစ်များ

ဝါးပေါက်သလို သေနတ်သံများနှင့် မီးတောက်မီးလျှံများက ညဥ့်အမှောင်ထုကို ထွင်းဖောက်၍ ပေါ်ထွက်လာသည်။ "ကျွန်းကလေးကို သူပုန်တွေ ဝင်စီးလို့တဲ့"ဟူသောသတင်းများက ပျံ့ထွက်လာသည်။ မူလတန်းကျောင်းသားလေး မောင်ဘမှန် အိမ်အောက်တွင် ခေါင်းပု၍ ဝင်ပုန်းနေခဲ့ရသည်။ မောင်ဘမှန်တို့ အိမ်ရှိရာ လက်ပံတန်းမြို့ ဘောလုံးကွင်းရပ်ကွက်က ကျွန်းကလေးရွာနှင့် သိပ်တော့မနီးလှပါ။ သို့သော် မြို့ထဲကိုပါ သူပုန်တွေ မတော်တဆ ဝင်လာလျှင် ဘယ်လိုလုပ်မလဲဟူသော အတွေးများဖြင့် လူအများက ကြောက်လန့်တကြား ပြေးလွှားပုန်းရှောင်နေခဲ့ကြသည်။ ကျွန်းကလေးရွာသို့ ဝင်စီးသောသူများမှာ ကေအင်န်ဒီအို သောင်းကျန်းသူများဟုဆိုသည်။ ပဲခူးရိုးမဘက်မှ ဆင်းလာကြခြင်းဖြစ်ပြီး သောင်းကျန်းသူများနှင့်အတူ ဆင်များနှင့် တွေ့သမျှ လုယက်ဖောက်သယ်သွားကြမည့် ခုတ်ခွာဖောက်သယ် များလည်းပါလာကြသည်ဟုဆိုသည်။ "ဝင်လာကြတာက ကော်သူလေး ဆံရှည်တွေ၊ ကော်သူလေးတော်လှန်ရေး မအောင်မြင်မချင်း ဆံပင်မညှပ်ဘူးဆိုပြီး နေကြတာတဲ့၊ ပခုံးအထိ ဆံရှည်တွေဝဲလို့"ဆိုသော သတင်းများကိုလည်း ကြားခဲ့ရသည်။ "သူတို့တော်လှန်ရေးဆိုတာ ရွာကို မီးရှို့ပြီး ပစ္စည်းတွေ လုတာလား"ဟု ထိုစဥ်က မောင်ဘမှန် တွေးမိခဲ့သည်။ အပြစ်မဲ့ပြည်သူလူထုကို မိုင်းထောင်၊ ဗုံးခွဲ၊ ပစ်ခတ်၊ အကြမ်းဖက်တတ်သော သူတို့ တော်လှန်ရေးက ယနေ့ထက်တိုင် အောင်မြင်ဖို့ အလှမ်းဝေးလှဆဲ။ ထိုစဥ်က ဖထီးများ ယနေ့ထက်တိုင် သက်ရှိထင်ရှား ရှိနေဦးမည်ဆိုပါက သူတို့ဆံပင်တွေ ဘယ်လောက်များ ရှည်နေလိမ့်မည်လဲဟု ဦးဘမှန် တွေးကြည့်နေမိသည်။ နိုင်ငံတော်၏ စေတနာမှန်နှင့် အခြေအနေမှန်ကို သဘောပေါက်သူများကား ငြိမ်းချမ်းရေး ရယူခဲ့ကြလေပြီ။

၁၉၇၀ပြည့်လွန်နှစ်များ

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်လိုင် ပါဖန်ဒေသ၊ သံလွင်မြစ် အနောက်ဘက်ကမ်းတစ်နေရာတွင် ရဲမင်းအောင်စစ်ဆင်ရေးဖြင့် စစ်သားကလေး မောင်ဘမှန် ရောက်နေသည်။ သူတို့တပ်စုနေရာက ကျောက်ဆောင်တောင်စွန်းကလေး တစ်ခုဖြစ်သည်။ ထိုစဥ်က ဗကပတို့နှင့် လုံးထွေးတိုက်ခိုက်ရင်း တပ်ကျုံကာ ပိတ်မိနေခြင်းဖြစ်သည်။ ဆုတ်ခွာခါနီး သွန်၍ပစ်နေသော ရန်သူ့ကျည်များက မိုးသီးမိုးပေါက်သဖွယ်၊ သံလွင်မြစ်တစ်ဖက်ကမ်းမှ လှမ်းပစ်နေသော ဒသမ ၅ စက်သေနတ်ကြီးနှင့် ၅၇ မမ နောက်ပွင့်ကျည်တို့ကလည်း မောင်ဘမှန်တို့ နောက်ကျောဘက်တွင် စည်းချက်ညီညီ ကျရောက်နေသည်။ ရှမ်းရိုးမ၏ အေးမြလန်းဆတ်သော လေထုထဲတွင် ယမ်းခိုးယမ်းငွေ့များ၊ သွေးညှီနံ့များဖြင့် ပြည့်နှက်ညစ်ထေးလျက်ရှိသည်။ မောင်ဘမှန်တို့တပ်စု ရိက္ခာပြတ်နေသည်မှာ ကြာပြီ။ လွန်ခဲ့သည့် သုံးလေးရက်က နောက်ဆုံးကျန်သည့် ထမင်းကြမ်းခဲ ဟန်းကောဖုံးတစ်ဖုံးစာကို ဒဏ်ရာရနေသည့် ရဲဘော်တစ်ယောက်အား ကျွေးလိုက်ပြီးနောက် ရေကိုပဲသောက်၍ နေခဲ့ကြရသည်။ ထိုရေသည်ပင် သက်စွန့်ဆံဖျား ဆင်း၍ရှာခဲ့ကြရခြင်း ဖြစ်သည်။ တောင်ယာပျက်လျှိုစွန်းရှိ ရေထွက်မှ ရေခပ်ပြီး ပြန်အတက်တွင် ရန်သူ့စက်သေနတ်ကျည်ဆန်အောက်မှ မိကျောင်းလိုတွားတက်ကာ ရေဘူးများကို အပါသယ်ခဲ့ကြရသည်။ တောင်ယာတွေလည်း ပျက်ခဲ့ပြီ၊ ရွာတွေလည်း ပြာဖြစ်ခဲ့ပြီ၊ ဘယ်သူ့ကိုမှ ကောင်းကျိုးမပေးသည့် ပြည်တွင်းသောင်းကျန်းမှုကြီး ဘယ်တော့မှ အဆုံးသတ်နိုင်ပါမလဲဟု ကဒတ်ဥကို အဆာပြေစားရင်း မောင်ဘမှန် တွေးမိခဲ့သည်။

၁၉၈၀ ပြည့်လွန်နှစ်များ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)နယ်စပ် မုံးကျွတ်၊ လွယ်မအံခမ်း ကြက်ဟင်းခါးသီးတောင်တစ်ဝိုက်တွင် မူးယစ်ဆေးဝါး မှောင်ခိုလုပ်ကိုင်နေသည့် သောင်းကျန်းသူများကို မိုးဟိန်းစစ်ဆင်ရေးအဆင့်(၁၂)ဖြင့် နှိမ်နင်းရာတွင် မောင်ဘမှန် ပါဝင်ခဲ့သည်။ မူးယစ်မှောင်ခိုဟုဆိုသော်လည်း နယ်စပ်ကို အမှီပြုပြီး အင်အားတောင့်တင်းနေသည့် ရန်သူဖြစ်၍ ၁၀၅ မမ၊ ၇၆ မမ အမြောက်ကြီးများ ပစ်ကူယူ၍ တပ်မအဆင့်ဖြင့် စစ်ဆင်ခဲ့ရသည်။ လမ်းမရှိသည့် ကျောက်တောင်များကို ဖက်တွယ်တက်ကာ ကြက်ဟင်းခါးသီးသဖွယ် ဖုထစ်ကြမ်းတမ်းလှသည့် တောင်ကြောရှိ ရန်သူ့စခန်းများကို အသက်စွန့်၍ သိမ်းပိုက်ခဲ့ကြရသည်။ အသက်ပေါင်းများစွာပေး၍ သိမ်းပိုက်ထားခဲ့ရသော ရန်သူ့စခန်းများတွင် အခြေပြု၍ မကြာမြင့်မီ ၁၉၈၈ အရေးအခင်းကြောင့် ပြည်တွင်း၌ လုံခြုံရေးဆောင်ရွက်ရန် မောင်ဘမှန်တို့စခန်းများကိုဖြုတ်၍ ပြန်လာခဲ့ကြရသည်။ တောမီးလောင်၍ တောကြောင် လက်ခမောင်းခတ်လိုသည့် မူးယစ်ဆေးဝါး သောင်းကျန်းသူများကား အလွယ်တကူ တက်၍ နေရာယူလိုက်ကြပြန်လေသည်။

၁၉၉၀ ပြည့်လွန်နှစ်များ

မြန်မာနိုင်ငံအလယ်ပိုင်း ရထားလမ်း ဖောက်လုပ်ရေးလုပ်ငန်းခွင် တစ်နေရာ၌ စစ်သားအိုကြီး ကိုဘမှန် လုပ်အားပေးနေသည်။ **မိုင်းယန်း၊ မဲသဝေါနှင့် မာနယ်ပလောတိုက်ပွဲကြီးများနောက်ပိုင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ငြိမ်းချမ်းရေး ရယူလာကြပြီးနောက် ကိုဘမှန်တို့ တပ်မတော်သားများသည် နိုင်ငံတော်ကို သွေးဖြင့်ရင်း၍ ကာကွယ်ခဲ့ရာမှ ချွေးဖြင့်ရင်း၍ တည်ဆောက်မှုလုပ်ငန်းများတွင် ပါဝင်လာကြရပြန်သည်။ မြန်မာနိုင်ငံအလယ်ပိုင်းတွင်သာမက ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်း စသည့် နေရာအနှံ့အပြား၊ မြန်မာနိုင်ငံအရှေ့နှင့်အနောက်၊ တောင်နှင့် မြောက် တစ်နံတစ်လျား၌ လမ်းများ၊ တံတားများ ပေါင်းကူးယုက်သွယ်ခဲ့ရာတွင် တပ်မတော်သားများ၏ လုပ်အားကို ပေးလှူခဲ့ကြသည်။** တစ်ချိန်က ကိုဘမှန်တာဝန်ထမ်းဆောင်ခဲ့သည့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)တွင် မိုင် ၁၀၀ကို ၁၀ရက်ခန့် ရွံ့ဗွက်ရုန်း၍ ကားတွန်းကာ သွားခဲ့ရသော ကျိုင်းတုံ၊ မိုင်းဖြတ်၊ မိုင်းယောင်းခရီး၌ မှန်းလိုက် ချောင်းကူးတစ်ဝိုက် သောင်းကျန်းသူတို့၏ ကားမိုင်းထိ၍ လမ်းနံဘေး၌ တုံးလုံးပက်လက် ကျန်နေခဲ့သော တီအီး၊ ဟီးနိုးကားကြီးများကို ပြန်မြင်မိသည်။ ၁၈မိုင်ခရီးကို တပ်ရင်း နှစ်ရင်းခန့်ဖြင့်

ပို့ကြိုလုပ်ရင်း သောင်း
ထားသော တံတားများကို
တောင်စောင်းလမ်းများက
များကို ရိက္ခာပို့ခဲ့ရသည
မှာလည်း ယခုအခါ ဟိုင်း
တစ်နာရီခရီးမျှပင် မရှိတေ
တွေ့မြင်ရသောအခါ
ရှမ်းပြည်နယ်စစ်ဆင်ရေးမှ
ပြောင်းရွှေ့တာဝန်ထမ်းဆေ
ရေးခေတ် သစ်ထုတ်ကော
ပေါင်လုံးခန့် သစ်ပင်များ
များတွင် သောင်းကျန်းသူ
သံပေါင်တံတားများကို
စိတ်မကောင်း ဖြစ်ခဲ့ရ
နယ်မြေခက်ခဲ၍ လမ်းမ
မဖွံ့ဖြိုး၍ သောင်းကျန်း
မလုံခြုံ၊ မလုံခြုံ၍ လမ်း
စသည်ဖြင့် အဆိုးသံသ
ဒေသများမှ သားချင်းများ
အမြန်ဆုံးခံစားရကာ
ကိုဘမှန် ဆုတောင်းခဲ့သ

**ယခုတော့ စစ်သား
လက်အေး အနားယူနိုင်ပြီ
တစ်ဝန်းတွင် မည်သည့်ခေ
ဖွံ့ဖြိုး ပြောင်းလဲလာမှုများ
နေရသည်။ ပြည်သူတွေလို
နိုင်ငံရေးစနစ်နှင့် တိုင်းရင်း
ကိုယ်ပိုင် ပြဋ္ဌာန်းအုပ်ချုပ်
ပေးအပ်ထားသည့် အခြေခံ
လာလေပြီ။**

**မကြာမီ ပြည်သူ့ဆ
ဥပဒေသစ်ကို အတည်ပြု
အားလုံးကျေနပ်ဖို့ဆိုသည်
သိကြားမင်း နွားယောင်ဖန်
ချီကားသည်ဟု လုပ်တ
ရှိသည်။ သို့သော် ပြည်သူ
လိမ့်မည်ဟု ဦးဘမှန် မျှေ**

မတ်လတော်

* နွေမိန်တပေါင်း၊
သံချိုဆင့်နှော၊ ဥ
ဖက်ဆစ်တို့ရန်၊
မတ်နှစ်ဆယ့်ခွန်၊
တံခွန်အောင်လံ

* ပြည်သူလက်တွဲ၊
အုံကြွလှုပ်ရှား၊
တစ်ဝန်းပြည်ရွာ၊
ရဟန်းရှင်လူ၊
ဖေးကူညီညာ ဝို

* ဖက်ဆစ်လူရိုင်း၊
နယ်ချဲ့လူကောက်
ညီညွတ်မှုပို၊ ညီ
လွတ်လပ်ခဲ့ပြီ၊ မြ
ရွှေပြည်တစ်ခေတ်

**နိုင်ငံတော်တစ်ဝန်းတွင် မည်သည
ပြောင်းလဲလာမှုများကို မျက်ဝါးထင်
လိုလားသည့် ပါတီစုံဒီမိုကရေစီနိုင်ငံ
လိုလားသည့် ကိုယ်ပိုင်ပြဋ္ဌာန်းအုပ
ပေးအပ်ထားသည့် အခြေခံဥပဒေမူ**

မိုင်းယန်း၊ မဲသဝေါနှင့် မာနယ်ပလောတိုက်ပွဲကြီးများ နောက်ပိုင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ငြိမ်းချမ်းရေး ရယူလာကြပြီးနောက် ကိုဘမှန်တို့ တပ်မတော်သားများသည် နိုင်ငံတော်ကို သွေးဖြင့်ရင်း၍ ကာကွယ်ခဲ့ရာမှ ချွေးဖြင့်ရင်း၍ တည်ဆောက်မှုလုပ်ငန်းများတွင် ပါဝင်လာကြရပြန်သည်။ မြန်မာနိုင်ငံ အလယ်ပိုင်းတွင်သာမက ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်း စသည့် နေရာအနှံ့အပြား၊ မြန်မာနိုင်ငံ အရှေ့နှင့်အနောက်၊ တောင်နှင့်မြောက် တစ်နံတစ်လျား၌ လမ်းများ၊ တံတားများ ပေါင်းကူးယုက်သွယ်ခဲ့ရာတွင် တပ်မတော်သားများ၏ လုပ်အားကို ပေးလှူခဲ့ကြသည်။

...ာ နောက်ဆုံးကျန်သည့်
...တစ်ဖုံးစာကို ဒဏ်ရာရနေ
...ား ကျွေးလိုက်ပြီးနောက်
...ရသည်။ ထိုရေသည်ပင်
...ခဲ့ကြရခြင်း ဖြစ်သည်။
... ရေထွက်မှ ရေခပ်ပြီး
...သနတ်ကျည်ဆန်အောက်
...ာ ရေဘူးများကို အပေါ
...သာတွေလည်း ပျက်ခဲ့ပြီ၊
...ယ်သူ့ကိုမှ ကောင်းကျိုး
...းကျန်းမှုကြီး ဘယ်တော့မှ
...တ်ဉကို အဆာပြေစားရင်း

...ိုင်း)နယ်စပ် မုံးကျွတ်၊
...းသီးတောင်တစ်ဝိုက်တွင်
...ိုင်နေသည့် သောင်းကျန်း
...းအဆင့်(၁၂)ဖြင့် နှိမ်နင်း
...သည်။ မူးယစ်မှောင်ခိုဟု

မတ်လတော်လှန်ရေးမှသည်

* နွေမိန်တပေါင်း၊ ညှာညောင်းလေမှာပျံ
သံချိုဆင့်နှော၊ ဥဩလွမ်းဖွယ်ဖန်
ဖက်ဆစ်တို့ရန်၊ တော်လှန်ဆင်နွှဲ
မတ်နှစ်ဆယ့်ခွန်၊ ရက်မြတ်မွန်
တံခွန်အောင်လံ ရဲသည်နှင့်လေး။

* ပြည်သူလက်တွဲ၊ တိုက်ပွဲစဉ်တိုင်းမှာ
အုံကြွလှုပ်ရှား၊ ပြောက်ကျားစစ်ဗျူဟာ
တစ်ဝန်းပြည်ရွာ၊ တွေ့ရာမဆိုင်း
ရပာန်းရှင်လူ၊ ကျောင်းသားတူ
ဖေးကူညီညာ ဝိုင်းပါလို့လေး။

* ဖက်ဆစ်လူရိုင်း၊ ခုတ်ပိုင်းလှဲဖြို
နယ်ချဲ့လူကောက်၊ ရှုံ့ကြောက်မြန်မာကို
ညီညွတ်မှုပို၊ ညီကိုဆွေရင်း
လွတ်လပ်ခဲ့ပြီ၊ မြန်ဌာနီ
ရွှေပြည်တစ်ခေတ် လင်းသည်နှင့်လေး။

* သွေးသက်စွန့်နှင်း၊ လမ်းခင်းဖောက်ခဲ့ပေ
လွတ်လပ်ပါမှ၊ အမျှဝေပါလေ
သူရဲကောင်းတွေ၊ တွက်ရေမရ
မိုးဝကြယ်စင်၊ ပမာပင်
စာတင်ဂုဏ်တင့် လှသည်နှင့်လေး။

* သူ့ကျွန်တွင်းမှ၊ ရုန်းထလက်တွဲခေါ်
ပြည်သူကဖွား၊ ပြည့်သားတပ်မတော်
ယခုခါသော်၊ ထွန်းပေါ်တက်လှမ်း
သုံးဖော်ညီဆွေ၊ ကြည်း ရေ လေ
ကျေပွန်တာဝန် ထမ်းသည်နှင့်လေး။

* ဖွံ့ဖြိုးအေးချမ်း၊ တစ်ဝန်းပြည်ရွာ လှရမည်။
တစ်ဆစ်မညိုးဘေးမသန်း၊ အစွမ်းညီညာပြကြမည်။

(၆၃)နှစ်မြောက်တပ်မတော်နေ့ကို
ဂုဏ်ပြုကြိုဆိုလျက်-

ဇော်မင်းမင်းဦး

...က်တစ်ဝန်းတွင် မည်သည့်ခေတ်နှင့်မျှမတူအောင် တိုးတက်ဖွံ့ဖြိုး
...ာမှုများကို မျက်ဝါးထင်ထင် တွေ့မြင်နေရသည်။ ပြည်သူတွေ
...ည့် ပါတီစုံဒီမိုကရေစီနိုင်ငံရေးစနစ်နှင့် တိုင်းရင်းသားညီနောင်များ
...ည့် ကိုယ်ပိုင်ပြဋ္ဌာန်းအုပ်ချုပ်ခွင့်များကို စည်းကမ်းတကျ
...းသည့် အခြေခံဥပဒေမူကြမ်းလည်း ထွက်ပေါ်လာလေပြီ။

(၆၃)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲ ကြိုးပမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်းပြည်ပ အဖျက်သမားများကို ပြည်သူတို့နှင့်အတူ လက်တွဲ၍ ပြည်ထောင်စုစိတ်ဓာတ်ဖြင့်ချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်တည်ဆောက်ရေး။

... အမှီပြုပြီး အင်အား
...ဖွဲ့စစ်၍ ၁၀၅ မမ၊ ၇၆ မမ
... တပ်မအဆင့်ဖြင့် စစ်ဆင်
... ကျောက်တောင်များကို
...ောင်းခါးသီးသဖွယ် ဖုထစ်
...ကြာရှိ ရန်သူ့စခန်းများကို
...ခဲ့ရသည်။ အသက်ပေါင်း
...ခဲ့ရသော ရန်သူ့စခန်းများ
...၉၈၈ အရေးအခင်းကြောင့်
...င်ရွက်ရန် မောင်ဘမှန်တို့
...ခဲ့ကြရသည်။ တောမီး
...က်ခမောင်းခတ်လိုသည့်
...သူများကား အလွယ်တကူ
...န်လေသည်။

... ရထားလမ်း ဖောက်လုပ်
... စစ်သားအိုကြီး ကိုဘမှန်
...င်းယန်း၊ မဲသဝေါနှင့်
...နောက်ပိုင်း တိုင်းရင်းသား
...မ်းချမ်းရေး ရယူလာကြ
...တပ်မတော်သားများသည်
... ကာကွယ်ခဲ့ရာမှ ချွေးဖြင့်
...းများတွင် ပါဝင်လာကြရ
...ယ်ပိုင်းတွင်သာမက ချင်း
...၊ ရှမ်းပြည်နယ်၊ ရခိုင်
...သည့် နေရာအနှံ့အပြား၊
...က်၊ တောင်နှင့် မြောက်
... တံတားများ ပေါင်းကူး
...တ်သားများ၏ လုပ်အား
...ချိန်က ကိုဘမှန်တာဝန်
...နယ် (အရှေ့ပိုင်း)တွင် မိုင်
...က်ရှန်း၍ ကားတွန်းကာ
...ဖြတ်၊ မိုင်းယောင်းခရီး၌
...က် သောင်းကျန်းသူတို့၏
...၌ တုံးလုံးပက်လက်
... ဟီးနိုးကားကြီးများကို
... တပ်ရင်း နှစ်ရင်းခန့်ဖြင့်

ပို့ကြိုလုပ်ရင်း သောင်းကျန်းသူတို့ မီးရှို့ဖျက်ဆီးထားသော တံတားများကို ပြင်ကာ၊ ဖြိုချထားသော တောင်စောင်းလမ်းများကို မြေဖို့ရင်း၊ ရှေ့တန်းစခန်းများကို ရိက္ခာပို့ခဲ့ရသည့် မိုင်းယောင်း၊ မိုင်းယုလမ်းမှာလည်း ယခုအခါ ဟိုင်းလက်စ်ကားများ ပြေးဆွဲနေပြီး တစ်နာရီခရီးမျှပင် မရှိတော့သည်ကို ရုပ်မြင်သံကြား၌ တွေ့မြင်ရသောအခါ ကိုဘမှန် ဝမ်းသာမိသည်။ ရှမ်းပြည်နယ်စစ်ဆင်ရေးမှ မွန်၊ ကရင်ပြည်နယ်ဘက်သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရစဉ် ဒုံသမိချောင်းနံဘေးမှ ရှေးခေတ် သစ်ထုတ်ကျောက် လမ်းဟောင်းပေါ်တွင် ပေါင်လုံးခန့် သစ်ပင်များပင် ပေါက်နေကာ ချောင်းစပ်များတွင် သောင်းကျန်းသူများ မိုင်းခွဲချိုးဖျက်ထားသည့် သံပေါင်တံတားများကို တွေ့ မြင်ရသောအခါ ဝမ်းနည်းစိတ်မကောင်း ဖြစ်ခဲ့ရမှုများကို ပြန်တွေးမိသည်။ နယ်မြေခက်ခဲ၍ လမ်းမသာ၊ လမ်းမသာ၍ မဖွံ့ဖြိုး၊ မဖွံ့ဖြိုး၍ သောင်းကျန်းသူခို၊ သောင်းကျန်းသူခိုလှုံ၍ မလုံခြုံ၊ မလုံခြုံ၍ လမ်းမသာ၊ လမ်းမသာ၍ မဖွံ့ဖြိုး စသည်ဖြင့် အဆိုးသံသရာလည်နေရသည့် ပြည်နယ်ဒေသများမှ သားချင်းများမှာ ငြိမ်းချမ်းရေး အရသာကို အမြန်ဆုံးခံစားရကာ ဖွံ့ဖြိုးတိုးတက်ကြပါစေဟု ကိုဘမှန် ဆုတောင်းခဲ့သည်။

ယခုတော့ စစ်သားဟောင်းကြီး ဦးဘမှန် စိတ်အေးလက်အေး အနားယူနိုင်ပြီဟု ထင်သည်။ နိုင်ငံတော်တစ်ဝန်းတွင် မည်သည့်ခေတ်နှင့်မျှ မတူအောင် တိုးတက်ဖွံ့ဖြိုး ပြောင်းလဲလာမှုများကို မျက်ဝါးထင်ထင် တွေ့မြင်နေရသည်။ ပြည်သူတွေလိုလားသည့် ပါတီစုံဒီမိုကရေစီနိုင်ငံရေးစနစ်နှင့် တိုင်းရင်းသားညီနောင်များလိုလားသည့် ကိုယ်ပိုင် ပြဋ္ဌာန်းအုပ်ချုပ်ခွင့်များကို စည်းကမ်းတကျ ပေးအပ်ထားသည့် အခြေခံဥပဒေမူကြမ်းလည်း ထွက်ပေါ်လာလေပြီ။

မကြာမီ ပြည်သူ့ဆန္ဒခံယူပွဲ ကျင်းပ၍ အခြေခံဥပဒေသစ်ကို အတည်ပြုကြတော့မည်။ ရာခိုင်နှုန်းပြည့် အားလုံးကျေနပ်ဖို့ဆိုသည်ကတော့ ဖြစ်နိုင်ဖွယ်မရှိ။ သိကြားမင်း နွားယောင်ဖန်ဆင်းသည်ကိုပင် အမြီးတိုသည်၊ ချိုကားသည်ဟု လုပ်တတ်ကြသော လူ့သဘာဝက ရှိသည်။ သို့သော် ပြည်သူအများစုက ကျေနပ်လက်ခံကြလိမ့်မည်ဟု ဦးဘမှန် မျှော်လင့်သည်။

ဦးဘမှန်၏ မြေးမြစ်များလက်ထက်တွင် ဦးဘမှန်ငယ်စဉ်ကလို သေနတ်သံကြား၍ အိမ်အောက်ဝင်မပုန်းကြစေလိုတော့ပါ။ လယ်ပစ်၊ ယာပစ်၊ အိမ်ပစ်၊ ရွာပစ် စွန့်ခွာထွက်ပြေး၍ စစ်ဘေးမှ ရှောင်ပုန်းကြ ရသည့် တိုင်းရင်းသားများကိုလည်း မမြင် မတွေ့လိုတော့ပါ။ အားလုံး ချစ်ခင်စည်းလုံးစွာ နိုင်ငံတော်သစ် တည်ဆောက်ကြသည်ကို မြင်တွေ့သွားလိုသည်။

ဦးဘမှန်တို့ အိုပါပြီ။ ရှေ့ဆက်၍ နိုင်ငံတော်သစ် ခေတ်မီ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ရမည့် လုပ်ငန်းများကို လက်ဆင့်ကမ်းတာဝန်ယူကြရမည့်သူများမှာ တပ်မတော်သား လူငယ်များ၊ အသိပညာရှင် အတတ်ပညာရှင် လူငယ်များ၊ တောင်သူလယ်သမားများ၊ အလုပ်သမားများ၊ တိုင်းရင်းသား လူငယ်များ အားလုံးပင်ဖြစ်သည်။ သည်လူငယ်တွေ စုစုစည်းစည်းညီညီညွတ်ညွတ်ဖြင့် နိုင်ငံတော်အကျိုးကို သယ်ပိုးကြမှသာလျှင် ခေတ်အဆက်ဆက် မညီညွတ်မှုကြောင့် ခေတ်နောက်ကျ အားနည်းနေခဲ့ရသော အမိနိုင်ငံတော်ကြီး ကမ္ဘာတွင် မော်ကြွားနိုင်ပေလိမ့်မည်။ ခါးသီးသည့် အတိတ်ကာလကို ကျော်လွန်ခဲ့ကြပါပြီ။ ဦးဘမှန်အနေဖြင့် ရွှေပြည်သစ်ကို မကြာမီ မြင်တွေ့ရတော့မည်ဟု တွေးထင်ယုံကြည်နေမိပါတော့သည်။ ။

● *ကျောဖုံးမှ*

ဆီဈေးနှုန်း

စားဆီ ဈေးနှုန်းမှာ ယခင်တစ်ပတ်နှင့် နှိုင်းစာလျှင် အပြောင်းအလဲမရှိဈေးတန့်နေသည်။ ပုဇွန်တောင်လက်လီ အရောင်းဆိုင်များတွင် စားအုန်းဆီတစ်ပိဿာကျပ်၃၀၅၀၊ ပဲဆီအရော ကျပ် ၄၂၀၀၊ ပဲဆီရှယ် ကျပ် ၄၈၀၀ ဈေးဖြင့် ရောင်းချလျက်ရှိသည်။

သားငါးဈေး

သားငါးဈေးမှာလည်းဆက်လက်တည်ငြိမ်နေသည်။ ပုဇွန်တောင်ဈေးတွင် ဝက်သား တစ်ပိဿာကျပ် ၄၀၀၀ မှ ကျပ် ၅၀၀၀ဈေးရှိသည်။ အဆီနည်းသည့် အသားချည်းဆိုလျှင် ဈေးကောင်း ပေးဝယ်ရသည်။

ကြက်သားဈေးမှာလည်းအကောင်လိုက်၊ ပိဿာလိုက်ဝယ်လျှင် ကျပ် ၄၀၀၀ ဝန်းကျင်သာရှိပြီး ပေါင်သား၊ ရင်အုပ်သားဆိုလျှင် ကျပ် ၅၀၀၀ဈေးရှိသည်။

အမဲသား ဈေးနှုန်းမှာ အဆီ၊ အသားရောရော တစ်ပိဿာ ကျပ် ၃၀၀၀၊ ပေါင်သား အသားကောင်းမှာ ကျပ် ၅၀၀၀ ဈေးရှိသည်။ ဆိတ်သားမှာ ကျပ် ၆၅၀၀၊ ၇၀၀၀ ဈေးပေါက်သည်။ ကြက်ဥ၊ ဘဲဥဈေးနှုန်းမှာ ကြက်ဥတစ်လုံး ကျပ် ၁၀၀၊ ၁၁၀ရှိပြီး ဘဲဥမှာ တစ်လုံး ကျပ် ၁၀၀ရှိသည်။

ငါးဈေးကွက်

ငါးဈေးကွက်မှာ ကြည့်မြင်တိုင်မြို့နယ် ဗဟိုစံပြငါးဈေးကြီးသို့ နေ့စဉ် ငါးမျိုးစုံပိဿာချိန် တစ်သိန်းလေးသောင်းမှ တစ်သိန်းခွဲအကြား ဝင်ရောက်လျက် ရှိသည်။ ပုဇွန်တောင်ဈေး ငါးလက်လီ အရောင်းဆိုင်များတွင် ငါးမြစ်ချင်း တစ်ပိဿာ ကျပ် ၂၀၀၀၊ ငါးသားလောက် တစ်ပိဿာ ကျပ်၂၅၀၀၊ တီလားပီးယားငါး တစ်ပိဿာ ကျပ် ၁၈၀၀၊ ငါးရံ့ တစ်ပိဿာ ကျပ် ၂၀၀၀၊ ငါးဖယ်ခြစ် တစ်ဆယ်သား ကျပ် ၅၀၀၊ ဖော့ချိတ်ပုစွန် တစ်ဆယ်သား ကျပ် ၅၀၀မှ ၆၀၀ ဈေးရှိသည်။

ကြက်သွန်ဈေး

ကြက်သွန်နီဈေးမှာ မြစ်သားဥ တစ်ပိဿာလျှင် ကျပ် ၈၀၀ရှိပြီး ဆိပ်ဖြူကြက်သွန် တစ်ပိဿာလျှင် ကျပ်၇၀၀ဈေးရှိသည်။ ကြက်သွန်ဖြူဈေးမှာ တစ်ပိဿာ ကျပ်၁၂၀၀ ဝန်းကျင်ဈေး ရှိသည်။ အာလူး တစ်ပိဿာ ကျပ် ၄၀၀မှ ၅၀၀ဈေး ရှိသည်။

ကုန်စိမ်းဈေး

ကုန်စိမ်းဈေးမှာ သီရိမင်္ဂလာဈေးကြီး၌ ချဉ်ပေါင်ရွက် ခြောက်စီး ကျပ်၁၀၀၊ သခွားသီးတစ်လုံးကျပ်၅၀၊ ပုသိမ်မှထွက်သော ကျောက်ဖရုံသီး တစ်လုံး ကျပ်၈၀၀၊ အောင်ပန်းဒေသထွက် ဂေါ်ဖီထုပ်ချိုတစ်ပိဿာကျပ်၈၀၀၊ ၁၀၀၀၊ ရွှေပဲသီးတစ်ပိဿာ ကျပ် ၁၂၀၀၊ ဘိုစားပဲသီး တစ်ပိဿာ ကျပ်၈၀၀၊ မုန်လာဥနီ တစ်ပိဿာ ကျပ်၁၂၀၀မှ ကျပ်၁၅၀၀၊ နံနံပင် တစ်ပိဿာ ကျပ် ၁၆၀၀ဈေးရှိသည်။

ခရမ်းချဉ်သီးဈေးမှာယခင်တစ်ပတ်နှင့်နှိုင်းစာလျှင် ဈေးအပြောင်းအလဲရှိသည်။ သီရိမင်္ဂလာဈေးကြီးတွင် တစ်ပိဿာ ကျပ်၆၀၀မှ ၈၀၀အထိ ဈေးရှိသည်။ တွံတေးမှထွက်သော ဘူးသီးများ ယခင် တစ်လုံး ကျပ်၄၀၀ ရှိရာမှ တစ်လုံး ကျပ် ၂၀၀သာရှိ၍ ဈေးထက်ဝက် ကျဆင်းသွားသည်။ ရွှေအပ်ဟုခေါ်သော ဂေါ်ဖီသီးစိမ်း တစ်ပိဿာ လက်ကားဈေးမှာ ကျပ် ၆၀၀ ရှိသည်။ ရွှေအပ်ဂေါ်ဖီသီးစိမ်းများကို ဒီဇင်ဘာလမှ ဇွန်လလယ်အထိ မြန်မာနိုင်ငံ အောက်ပိုင်းဒေသများဖြစ်သည့် ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းဒေသအချို့မှ ထွက်ရှိကြောင်း၊ ဇူလိုင်လမှ နိုဝင်ဘာလလယ်အထိ မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများမှ ထွက်ရှိကြောင်း သီရိမင်္ဂလာဈေးကြီးမှ ဂေါ်ဖီကုန်သည် တစ်ဦးက မြန်မာ့အလင်းသို့ ပြောပြသည်။

ငါးခြောက်ဈေး

သီရိမင်္ဂလာဈေးကြီးအပေါ်ထပ်တွင် ရောင်းချလျက်ရှိသော ပုစွန်ခြောက်၊ ငါးခြောက်ဈေး၌ ပုစွန်ခြောက် တစ်ပိဿာကျပ်၁၀၀၀၀မှ ကျပ်၁၅၀၀၀ ဈေးရှိသည်။ ငါးကွမ်းရှပ်တစ်ပိဿာ ကျပ်၅၅၀၀၊ ငါးရံ့ခြောက်တစ်ပိဿာ ကျပ်၉၀၀၀၊ အားပြဲခြောက်တစ်ပိဿာ ကျပ်၄၀၀၀မှ ကျပ် ၆၅၀၀ဈေးရှိသည်။ ငါးခြောက်အများဆုံးထွက်ရှိသော ဒေသမှာ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် ရခိုင်ပြည်နယ်တို့ ဖြစ်သည်။

အုန်း၊ ငှက်ပျောဈေး

အုန်းသီးဈေးမှာ ပုဇွန်တောင်ဈေး၌ အခွံချွတ်အုန်းသီးတစ်လုံးလျှင် ကျပ် ၂၀၀မှ ၃၀၀ဈေးရှိသည်။ ငှက်ပျောသီးမှာ သီးမွှေး တစ်ဖီးလျှင် ကျပ် ၁၀၀၀ ရှိပြီး ဖီးကြမ်းတစ်ဖီးလျှင် ကျပ် ၈၀၀ဈေး ရှိသည်။

သင်္ဘောသီး

ယခုအခါ သင်္ဘောသီးများ လှိုင်လှိုင်ပေါ၍ အရောင်းအဝယ်သွက်နေသည်။ သင်္ဘောသီး အလုံးလိုက်ဝယ်စားသူများထက် သင်္ဘောသီးစိတ်ရောင်းချသူများ ပေါလာ၍ ဈေးကွက်တွင် ကျယ်ပြန့်လာသည်။ တစ်လုံးလျှင် လက်လီဈေး ကျပ် ၄၀၀မှ ၆၀၀ဈေး ရှိသည်။

အလားတူ နွေစာသီးနှံဖြစ်သည့် ဖရဲသီး စားသုံးမှုမှာလည်း ပို၍များလာသဖြင့် ဖရဲသီးစိတ် ရောင်းသူများ အလုပ်ဖြစ်နေကြသည်။ သီရိမင်္ဂလာဈေးကြီးတွင် ဖရဲသီးတစ်လုံး ကျပ် ၁၅၀၀မှ ၁၈၀၀ အထိဈေးရှိသည်။ ဖရဲသီးစိတ် ရောင်းသူများက တစ်စိတ် ကျပ် ၁၀၀မှ ၂၀၀ဖြင့် ရောင်းချနေသည်။

စပျစ်သီးများစတင်ပေါ်

စပျစ်သီးများသီရိမင်္ဂလာဈေးကြီးသို့ ရမည်းသင်း၊ မိတ္ထီလာမြို့နယ်များမှ ဝင်ရောက်လာသည်။စပျစ်သီးတွင် အစိမ်းသီး၊ အချွန်သီး၊ ရိုးရိုးအညိုရောင်သီးဟူ၍ ရှိကြောင်း၊ အစိမ်းသီး ဂျပ်ဖာတစ်လုံးလျှင် ကျပ် ၄၀၀၀ရှိပြီး အချွန်သီး ဂျပ်ဖာတစ်လုံးလျှင် ကျပ် ၁၂၀၀၀ဈေးရှိကြောင်း၊ အညိုသီးဂျပ်ဖာတစ်လုံးလျှင် ကျပ် ၈၀၀၀ ဈေးရှိကြောင်း စပျစ်သီးပွဲစားတစ်ဦးက မြန်မာ့အလင်းသို့ရှင်းပြသည်။

ဈေးနှုန်းပဒေသာ

ပြင်ဦးလွင်မြို့နယ် တစ်ဝိုက်မှထွက်ရှိသော စတော်ဘယ်ရီသီးများမှာလည်း ခြင်းငယ် သုံးခြင်းလျှင် ကျပ် ၁၀၀၀ဖြင့် ရောင်းပန်းသွက်နေသည်။ အအေးရောင်းချသည့် ရာသီရောက်လာပြီဖြစ်၍ သံပရာသီးတစ်လုံးလျှင် ကျပ် ၆၀၊ ၇၀၊ ၈၀ဈေးရှိနေပါကြောင်း ယခု သီတင်းပတ် ကုန်ဈေးနှုန်း ပဒေသာကို ရေးသားတင်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

သီရိမင်္ဂလာဈေးကြီး၌ စပျစ်သီးများ ရောင်းဝယ်နေမှုကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

ပုသိမ်မြို့နယ်မှ ထွက်သော ကျောက်ဖရုံသီးများကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

သီရိမင်္ဂလာဈေးကြီး၌ ငါးခြောက်နှင့် ပုစွန်ခြောက်များ ရောင်းဝယ်ဖောက်ကားနေမှုမြင်ကွင်း။ (မြန်မာ့အလင်း)

စပါးတို့ အိမ်ကွင်း၌သုံးမှတ်ရရှိ အိုဝင်ဂိုးသွင်းပြီး နယူးကာဆယ်နိုင်ပွဲရ

လန်ဒန် မတ် ၂၂

ပရီမီယာလိဂ်ပွဲစဉ် (၃၁) ကို မတ် ၂၂ရက်က ဆက်လက်ယှဉ်ပြိုင်ရာ စပါးက အိမ်ကွင်း၌ ပို့စ်မောက်ကို နှစ်ဂိုးပြတ်သွင်းကာ သုံးမှတ်အပြည့် ရယူနိုင်ခဲ့သည်။

စပါးနှင့် ပို့စ်မောက်

၄း၄း၂ အခင်းအကျင်းဖြင့် ရော်ဘီကိန်းနှင့် ဘာဘာတော့ဗ် တိုက်စစ်အတွဲကိုပင် ထုတ်သုံးခဲ့ရာ စပါးတို့ ဂိုးသွင်းခွင့် ၁၇ကြိမ် ရရှိခဲ့ပြီး အပိုင်ကန်သွင်းခွင့် ရှစ်ကြိမ် ရရှိခဲ့သည်။ ပို့စ်မောက်က ကနူးကို တိုက်စစ်မြားဦးတင်ကာ ကရန်ချာ၊ မင်ဒတ်စ်၊ဒေးဗစ်၊ ရစ်ချက်နှင့်အူတာကာတို့ဝိုင်းရံထိုးဖောက်ကစားခဲ့သော်လည်း စပါးနောက်တန်းကို ထိထိရောက်ရောက် မကျော်ဖြတ်နိုင်ခဲ့ချေ။

စပါးတို့ အိမ်ကွင်း၌ အပေါ်စီးမှ ကစားနိုင်ခဲ့သော်လည်း ရော်ဘီကိန်းနှင့် ဘာဘာတော့ဗ်တို့ ဆန္ဒစောနေမှုကြောင့် အပိုင်ကန်သွင်းခွင့်ရသော်လည်း အပေါ်ထောင်ဘေးထွက် ဖြစ်နေခဲ့သည်။ စပါးတို့ ပထမပိုင်း ပွဲချိန်အတွင်း ဂိုးမသွင်းနိုင်ဘဲ ဖြစ်နေရာ မိနစ် ၇၀၌ လီနွန်အစား အိုဟာရာနှင့် ဒေါ်ဆင်အစား ဒါရင်ဘင့်တို့ အစားထိုး ဝင်ရောက်ကစားခဲ့သဖြင့် ကစားကွက်သွက်ခဲ့သည်။

စပါးတို့ ဂိုးရရှိရေး ဖိကစားခဲ့ရာ ၇၉မိနစ်၌ ဒါရင်ဘင့်က ပယ်နယ်တီဧရိယာအစပ်မှလှလှပပ ခေါင်းတိုက် သွင်းယူခဲ့သဖြင့် စပါးတို့ အဖွင့်ဂိုး ရရှိခဲ့သည်။ အဖွင့်ဂိုး ရရှိခဲ့သဖြင့် စပါးတို့ စိတ်ဓာတ်တက်ပြီး ဆက်တိုက်ထိုးဖောက်ကစားရာ ၈၁မိနစ်၌ အိုဟာရာက ခြောက်ကိုက်အကွာမှ ညာခြေဖြင့် အနိမ့်ဘော ကန်သွင်းယူလိုက်သဖြင့် စပါးတို့ ဒုတိယဂိုး ရခဲ့ပြန်သည်။ ပို့စ်မောက်က ကနူးအစား မီလန်ဘာရို့စ်ကို အစားထိုး ကစားစေခဲ့သော်လည်း ချေပဂိုး မသွင်းနိုင်ခဲ့သဖြင့် စပါးတို့ နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

စပါးနှင့် ပို့စ်မောက်တို့ပွဲတွင် စပါးမှ အိုဟာရာ(ယာ) ဤသို့ ဒုတိယဂိုး သွင်းယူခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

နယူးကာဆယ်နှင့် ဖူလ်ဟမ်

နယူးကာဆယ် တိုက်စစ်တွင် ဗီဒူကာ၊ မိုက်ကယ်အိုဝင်နှင့် မာတင်တို့ သုံးဦးထားရှိခဲ့သဖြင့် ဖူလ်ဟမ် နောက်တန်းကို အကြိမ်ကြိမ်ထိုးဖောက်နိုင်ခဲ့ရာ အပိုင် ၁၀ကြိမ် ကန်သွင်းခွင့် ရရှိခဲ့သည်။ နယူးကာဆယ်အတွက် အဖွင့်ဂိုးကို တိုက်စစ်မှူး ဗီဒူကာက ခြောက်မိနစ်၌ ၁၈ကိုက်အကွာမှ ကန်သွင်းယူခဲ့သဖြင့် တစ်ဂိုး ရရှိခဲ့ပြီး ၈၃မိနစ်၌ မိုက်ကယ်အိုဝင်က တစ်ဂိုးသွင်းယူခဲ့သဖြင့် နယူးကာဆယ်တို့ နှစ်ဂိုးပြတ် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

အခြားပွဲရလဒ်များ

ဗီလာ	၀-၁	ဆန်းဒါးလန်း
ဘလက်ဘန်း	၃-၁	ဝီဂန်
ဘော်လ်တန်	၀-၀	မန်စီးတီး
မစ်ဒယ်ဘရော့	၁-၀	ဒါဘီ
ရက်ဒင်း	၂-၁	ဘာမင်ဂမ်

စီးရီးအေပွဲစဉ်(၃၀)ရလဒ်

အတ္တလန္တာ	၀-၀	ကာတာနီယာ
ဖီအိုရင်တီးနား	၁-၀	လာဇီယို
ပါလာမို	၂-၃	ဂျီနိုရာ
ရက်ဂျီးနား	၁-၁	နာပိုလီ
ရိုးမား	၂-၁	အမ်ပိုလီ
ဆမ်ဒိုးရီးယား	၁-၁	ပါးမား
တိုရီနို	၀-၁	အေစီမီလန်
အူဒီးနိစ်	၂-၀	လီဗော်နို

(အင်တာနက်)

အားကစားဖောင်ပိတ် - မောင်မောင်မြင့်ဆွေ

● *ကျောဖုံးမှ*

ထို့ကြောင့်“သစ္စာမော်ကွန်း” ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ထားသည့် သူထူးစံနှင့် တွေ့ဆုံကာ ယခုဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ထားမှုအပေါ် မေးမြန်းရာ“ဒီဇာတ်ကားမှာ ကျွန်တော်က ဗိုလ်ကြီးနေဦးအဖြစ် သရုပ်ဆောင်ထားပါတယ်။ တောင်ကြီးတက္ကသိုလ်မှာ ကျောင်းသားဘဝ ရိုက်ကူးခဲ့ရတဲ့ အခန်းတွေက ငယ်ရွယ်စဉ် လွတ်လွတ်လပ်လပ်နဲ့ဆိုတော့ ပျော်စရာလဲကောင်းပါတယ်။ ကျောင်းသားဘဝ ပြီးတော့ နောက်ပိုင်းမှာ သရုပ်ဆောင်ရတဲ့ အခန်းတွေက ရှေ့တန်း စစ်ဆင်ရေးတွေ များပါတယ်” ဟု

သူထူးစံ

ရှေ့တန်းစစ်ဆင် ရေး တွေ သရုပ်ဆောင်တာ များပါတယ်။

သရုပ်ဆောင်
သူထူးစံ

သရုပ်ဆောင်သူထူးစံက ဖြေကြားသည်။

မြင်တွေ့

ယခုဇာတ်ကား၌ သူထူးစံ၏ ရှေ့တန်းစစ်မြေပြင်တွင်တပ်မတော်အရာရှိတစ်ဦး ဟန်အပြည့်၊ မာန်အပြည့် သရုပ်ဆောင်မှုများကို ပီပီပြင်ပြင် တွေ့မြင်ရမည်ဖြစ်သလို ရဲဘော်များနှင့် တစ်သားတည်းတာဝန်ထမ်းဆောင်မှုများကိုလည်း မြင်တွေ့ရမည်ဖြစ်သည်။

သရုပ်ဆောင်ခဲ့

ထို့နောက် ယခုဇာတ်ကားတွင် စိတ်ဝင်စားစရာ အကောင်းဆုံး ဇာတ်ဝင်ခန်းနှင့်ပတ်သက်၍လည်း “ဒီဇာတ်ကားမှာ စိတ်ဝင်စားစရာကောင်းတာက ရှမ်းစကားသင်ပြီး ရှမ်းစကားပြောရတဲ့ အခန်းပါပဲ။ စစ်ဘက်ဆိုင်ရာ သရုပ်ဆောင်မှုအခန်းတွေမှာတော့ ဇာတ်ညွှန်းရေးတဲ့ ဗိုလ်ကြီးတင်အောင်စိုးက အကြံဉာဏ်နဲ့ အကူအညီ ပေးပါတယ်။ ဒီဇာတ်ကားကို ကျွန်တော် တစ်လနဲ့ ၁၀ရက် အချိန်ပေးပြီး သရုပ်ဆောင်ခဲ့တာပါ”ဟု သူထူးစံက ဆက်လက်ရှင်းပြသည်။

ပီပြင်

သူထူးစံ၏ တပ်မတော်အရာရှိအဖြစ် သရုပ်ဆောင်မှုများမှာ အံ့ဩစရာ ကောင်းအောင် ပီပြင်မှုရှိပြီး သောင်းကျန်းသူတစ်ဦးကိုဖမ်းမိပြီး စစ်ဆေးသည့်အခန်းများ၌ ပြောကြားသည့် စကားများနှင့် သရုပ်ဆောင်မှု၊ ရှေ့တန်းထွက်မည့်အချိန် သူ့ရဲဘော်များအား တစ်ဦးချင်းဆန္ဒကို မေးမြန်းသည့် အခန်းများက တကယ့်စစ်မြေပြင်မြင်ကွင်း၌ ကြည့်နေရသလို ထပ်တူကျလျက် ရှိနေသည်။

လှူဒါန်း

ထို့အပြင် ခေတ္တစခန်းချရာ ကျေးရွာ၌ ရွာဦးဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ကာ ပါရှိလာသည့် ရိက္ခာများထဲမှ လှူဒါန်းပုံ ဇာတ်ဝင်ခန်းက တပ်မတော်သားများအနေဖြင့် ရောက်ရှိရာ အရပ်၌ အလှူဒါနပြုမှုနှင့်ဘာသာရေးအလေးထားမှုများကို ဖော်ပြလျက် ရှိနေသည်။

ပါဝင်

ထို့နောက်“သစ္စာမော်ကွန်း” ဇာတ်ကား၌ ပါဝင် သရုပ်ဆောင်ထားသည့် ပြေတီဦးနှင့် တွေ့ဆုံမေးမြန်းရာတွင် “တပ်မတော်နေ့ ဂုဏ်ပြုရုပ်ရှင်ဇာတ်ကားမှာ ပထမဆုံး ပါဝင်သရုပ်ဆောင်ခြင်း ဖြစ်ပါတယ်။ ဒီဇာတ်ကားမှာ ကျွန်တော်က သက်မွန်မြင့်ရဲ့အစ်ကို စစ်ဆေးဆမ်နေရာကသောင်းကျန်းသူခေါင်းဆောင်တစ်ဦးအဖြစ် ပါဝင်တာဖြစ်ပါတယ်။ ဒီဇာတ်ကားကို ကျွန်တော်တို့ ပင်ပင်ပန်းပန်း ရိုက်ကူးထားခဲ့တာဖြစ်ပြီး စိတ်တိုင်းကျ သရုပ်ဆောင်ထားပါတယ်”ဟု ရှင်းပြသည်။

သဘာဝကျ

သောင်းကျန်းသူ ခေါင်းဆောင် စဝ်ဆေးဆမ်အဖြစ် သရုပ်ဆောင်ထားမှုများက သဘာဝကျလွန်းသည်ဖြစ်ရာ အမူအရာ၊ လှုပ်ရှားမှုနဲ့ မျက်နှာအနေအထားများက အစ

ပြေတီဦး

ဒီဇာတ်ကားမှာ စိတ်တိုင်းကျ သရုပ်ဆောင်ထားပါတယ်။

သရုပ်ဆောင်
ပြေတီဦး

ပြေတီဦးလုပ်ကွက်များမှာ ပရိသတ်ရင်ကို ငြိအောင် အားပါလှသည်။ လုပ်ပိုင်ခွင့်ရှိသည့် ဇာတ်ရုပ်၏ အခန်းများကို ပိုင်နိုင်စွာ သရုပ်ဆောင်ထားမှုများမှာ မှင်တက်မိစရာ ကောင်းအောင် ဆွဲဆောင်လှသည်။

ဆုံးဖြတ်

မိုင်းထောင်၊ လူသတ်အလုပ်များကို မလုပ်ဘဲ မိမိဒေသကို ချစ်မြတ်နိုးသောစိတ်ဖြင့် သောင်းကျန်းသူ ခေါင်းဆောင်ပြုလုပ်သော်လည်း အဖေ၊ အမေ၊ ညီမငယ်များအားလုံး မိမိတို့၏ သောင်းကျန်းသူတပ်ဖွဲ့မှသတ်ဖြတ်လိုက်ခြင်းကြောင့် တုန်လှုပ်ချောက်ချားမှုဖြစ်ပြီး မိမိတို့လုပ်ရပ်များအပေါ် ပြန်သုံးသပ်မိကာ အလင်းဝင်ဖို့ ဆုံးဖြတ်ခဲ့မှု အခန်းများမှာ ပရိသတ်ကို ဆွဲခေါ်သွားစေနိုင်သည့် ပြေတီဦး၏ သရုပ်ဆောင်မှုကို တွေ့မြင်ကြရမည် ဖြစ်သည်။

ထိမိ

အလင်းဝင်ဖို့ ဆုံးဖြတ်သော စဝ်ဆေးဆမ်(ပြေတီဦး)အား သူ၏ လက်ထောက် ညီနန္ဒက ပစ်သတ်ရန် ကြိုးစားစဉ် ဗိုလ်ကြီးနေဦးက အသက်ကယ်ခဲ့ပြီးနောက် အံ့ဩဝမ်းသာမှုအခန်းများကလည်း ထိထိမိမိ ရှိလှသည်။

ပြောင်းလဲ

နောက်ဆုံး အလင်းဝင်ခန်း၌ ပြေတီဦး၏ မျက်နှာအမူအရာ အဆင့်ဆင့် ပြောင်းလဲသွားပုံများကလည်း စကားလုံးတစ်လုံးမျှ ဖွင့်မပြောခဲ့သော်လည်း စကားပေါင်းများစွာပြောသလိုမျိုးဖြစ်အောင်သရုပ်ဆောင်သွားနိုင်ခဲ့သည်။ “ကျွန်တော့်အနုပညာအားကို အပြည့်ထည့်သုံးပြီး သရုပ်ဆောင်ခဲ့တာမို့ အလွန်ပင်ပန်းခဲ့ပေမယ့် ပျော်ပါတယ်” ဟု ပြေတီဦးက ပြောပြသွားသည်။

ပေးစွမ်း

ထို့ကြောင့် ရသမျိုးစုံကို ပေးစွမ်းကာ ပရိသတ်များ နှစ်သက်သဘောကျစေမည့် “သစ္စာမော်ကွန်း”ဇာတ်ကား ဖြစ်ပါကြောင်း သတင်းကောင်းပါး ရေးသားလိုက်ပါသည်။ ။

စဝ်ဆေးဆမ်အဖြစ် ပြေတီဦး၏ သရုပ်ဆောင်ဟန်က ဤသို့ပီပီပြင်ပြင်....။

ရှေ့တန်း စစ်မြေပြင်၌ ဇာတ်ဝင်ခန်းရိုက်ရန် ဤသို့ပြင်ဆင်ခဲ့သည်။

ဗိုလ်ကြီးနေဦးအဖြစ် ရှေ့တန်းစစ်မြေပြင်တွင် သူထူးစံ(ဝဲစွန်) ဤသို့သရုပ်ဆောင်ခဲ့သည်။

ခေတ္တစခန်းချရာ ကျေးရွာ၌ ရွာဦးဘုန်းတော်ကြီး ကျောင်းသို့သွားရောက်ကာ ပါရှိလာသည့်ရိက္ခာများ ထဲမှ လှူဒါန်းပုံဇာတ်ဝင်ခန်းက တပ်မတော်သားများ အနေဖြင့် ရောက်ရှိရာအရပ်၌ အလှူဒါနပြုမှုနှင့် ဘာသာရေး အလေးထားမှုများကို ဖော်ပြလျက်ရှိ။

*** ရှေ့ဖုံးမှ**

ရှေးဦးစွာ ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ် သန်းထွန်းအောင်က အမှာစကားပြောကြားရာတွင် ယနေ့ဖွင့်လှစ်သည့် ကျောက်တန်းတံတားသည် အရှည် ၄၅၂ ပေ ၅ လက်မ၊ တံတားအကျယ် ၃၂ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၄ပေ၊ လမ်းတစ်ဖက်တစ်ချက် လူသွားလမ်းအကျယ် လေးပေစီရှိပြီး ခွင့်ပြုအလေးချိန် တန်၆၀ဖြစ်ကြောင်း၊ ၂၀၀၆ခုနှစ် ဧပြီ ၁၅ရက်တွင် ရခိုင်ပြည်နယ် ခရီးစဉ်၌ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက နိုင်ငံတော်၏ စေတနာနှင့် ရည်ရွယ်ချက်ကို **"ဟိုတုန်းက ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆိုရင် စီးပွားရေးတွက်ခြေကိုက်မကိုက် ပြန်သုံးသပ်တယ်၊ ကျွန်တော်တို့က စီးပွားရေး တွက်ခြေကိုက်မကိုက် ပြန်သုံးသပ်တာ မဟုတ်ဘူး၊ ဒီဒေသ ဖွံ့ဖြိုး တိုးတက်ရမယ် ဆိုတဲ့အခါမှာ လိုအပ်တဲ့ ရင်းနှီးမြှုပ်နှံမှုတွေ လုပ်ပြီးတော့ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ရမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လုပ်ပေးတာဖြစ်ပါတယ်၊ ဒါကြောင့် တိုင်းရင်းသားအားလုံး ညီညီမျှမျှ ဖွံ့ဖြိုးတိုးတက်စေချင်တယ်"** ဟုမိန့်ကြားခဲ့ကြောင်း၊ ၎င်းကို ကြည့်လျှင် နိုင်ငံတော်အကြီးအကဲ၏ စေတနာကို သိရှိနားလည်ပြီး မိမိတို့ပြည်နယ်ကို ဘက်စုံ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်၊ တပ်မတော်နှင့် ပြည်သူ ဝိုင်းဝန်းစွမ်းဆောင် ကြိုးပမ်းကြရမည်ဆိုသည်ကို သိရှိသဘောပေါက်နားလည်ကြရမည် ဖြစ်ကြောင်း။

စောင့်ရှောက်

နိုင်ငံတော်က ရခိုင်ပြည်နယ်အပေါ် စေတနာအပြည့်အဝထားပြီး ငွေကြေးမြောက်မြားစွာဖြင့် လမ်း၊ တံတား၊ ဆေးရုံ၊ စာသင်ကျောင်းစသည့် အခြေခံအဆောက်အအုံများ အထိုက်အလျောက် ပြည့်စုံအောင် တည်ဆောက်ပေးပြီးဖြစ်၍ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တိုင်းရင်းသားပြည်သူများက ယခုဖွင့်လှစ်လိုက်သည့် ကျောက်တန်းတံတား အပါအဝင် တံတားများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်းစောင့်ရှောက်ပေးကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက တံတားတည်ဆောက်ပေးရခြင်းနှင့် တံတားဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားရာတွင် ရခိုင်ပြည်နယ်သည် ခရီးသွားလာမှုကို ကန့်သတ်ထားသည့် ချောင်းများ၊ မြစ်များ၊ တောင်တန်းများ များပြားခြင်းကြောင့် လမ်းပန်းဆက်သွယ်မှု ချောမွေ့စေရန် တံတားများ၊ လမ်းများ တည်ဆောက်ပေးရန် လိုအပ်သည်ကို နိုင်ငံတော်က ရည်မှန်းချက်ထားပြီး ဆောင်ရွက်ပေးခဲ့သည်မှာ ဤတံတားအပါအဝင် ပေ၁၈၀နှင့်အထက် တံတားကြီး ၂၁၂ စင်းနှင့် လမ်းမိုင် ၅၆၇၉မိုင် တိုးတက်ဖြစ်ထွန်းလာပြီ ဖြစ်ကြောင်း။

ယခုဆိုလျှင် ရခိုင်ပြည်နယ်အတွင်း၌ ဤကျောက်တန်းတံတားအပါအဝင် ပေ ၁၈၀နှင့်အထက်တံတား ၃၆စင်း၊ လမ်းမိုင် ၅၉၂မိုင် တည်ဆောက်ပေးပြီး ဖြစ်ကြောင်း၊ ဤတံတားသည် ရန်ကုန်-စစ်တွေလမ်းမပေါ်၌ တည်ရှိပြီး အရှည် ၄၅၂ ပေခွဲရှိသည့် သံကူကွန်ကရစ် တံတားဖြစ်ကြောင်း၊ ယခင်က တစ်လမ်းသွားဘေလီ ကြိုးတံတားဖြစ်ပြီး တံတားခံနိုင်ဝန် ၁၃တန်သာရှိ၍ ကန့်သတ်ချက်ရှိခဲ့ရာ ယခုဆိုလျှင် ယာဉ်နှစ်လမ်းသွားလာနိုင်ပြီး တံတားခံနိုင်ဝန် တန်၆၀ အဆင့်ထိ တည်ဆောက်ဖွင့်လှစ်ပေးခြင်း ဖြစ်ကြောင်း။

တည်ဆောက်

ရခိုင်ပြည်နယ်မှာ ရန်ကုန်-စစ်တွေလမ်းမကြီး၏ အမ်း-စစ်တွေ အပိုင်းသည် ၂၀၂မိုင် ၃ဖာလုံနှင့် ရန်ကုန်-ကျောက်ဖြူလမ်း၏ တောင်ကုတ် မအီ-ကျောက်ဖြူလမ်းအပိုင်း မိုင်၁၂၀ကို တည်ဆောက်ပေးပြီး ဖြစ်ကြောင်း။

ဆက်လက်ပြီး ပိန္နဲတောင်-ရမ်းဗြဲလမ်း ကိုးမိုင်၊ ပဒဲကျော-တပ်တောင်လမ်းခုနစ်မိုင်၊ အမ်း-ပဒဲကျော-မအီလမ်း ၄၁မိုင် ၅ဖာလုံကို ကျောက်ချောလမ်းအဆင့်ထိ တိုးမြှင့် ဆောင်ရွက်ပေးပြီး ဖြစ်ကြောင်း။

တိုးတက်

ယခုအခါ ရန်ကုန်-စစ်တွေလမ်း၊ ရန်ကုန်-ကျောက်ဖြူလမ်း၊ ငါးသိုင်းချောင်း-ဂွလမ်းစသည့် ကားလမ်းမကြီးများနှင့် တံတားကြီး၊ တံတားငယ် အသွယ်သွယ်တို့ကို ဖောက်လုပ် တည်ဆောက်ပေးထားရာ ပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးနှင့် ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်းတို့နှင့်ပါ လွယ်ကူစွာ ကူးသန်းဆက်သွယ်သွားလာနိုင်လျက် ရှိပြီဖြစ်ကြောင်း၊ ကုန်စည်စီးဆင်းမှု၊ သွက်လက် မြန်ဆန်လာမှုနှင့်အတူ ကုန်စည်ဖလှယ်ရောင်းဝယ်မှု လုပ်ငန်းများ တိုးတက်ကောင်းမွန်နေပြီ ဖြစ်ကြောင်း ပြောကြားသွားသည်။

ယင်းနောက် ဒေသခံပြည်သူများကိုယ်စား ဒေသခံ ပြည်သူတစ်ဦးက တံတားကြီး ဖွင့်လှစ်ပေးခြင်းအတွက် ကျေးဇူးတင် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ပြောကြားသည်။

ထို့နောက်ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ် သန်းထွန်းအောင်နှင့် နယ်မြေခံ တပ်နယ်မှ ဗိုလ်မှူးချုပ်ရဲအောင်တို့က ကျောက်တန်းတံတားကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြပြီး ပရိသတ်တို့နှင့်အတူ မင်္ဂလာမှန်ဦးရှေ့တွင် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဖြတ်သန်းကြည့်ရှု

ဆက်လက်၍ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်သန်းထွန်းအောင်က ကျောက်တန်းတံတား ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ဝန်ကြီးနှင့်အတူ ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကာ တံတားကြီးပေါ်မှ ဖြတ်သန်းကြည့်ရှု၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကျောက်တန်းတံတားသည် သံကူကွန်ကရစ် ရေတွင်းခွေ အုတ်မြစ်နှင့် သံကူကွန်ကရစ် တံတားအမျိုးအစားဖြစ်ပြီး စုစုပေါင်း တံတားအရှည်မှာ ၄၅၂ ပေ ၅ လက်မ၊ ယာဉ်သွားလမ်းအကျယ်၂၄ပေ၊ လူသွားလမ်း တစ်ဖက်လျှင် ၄ ပေစီပါရှိကာ ခွင့်ပြုယာဉ်အလေးချိန်မှာ ယာဉ်တစ်စီးချင်း တန် ၆၀ ဖြစ်သည်။

ယခုဖွင့်လှစ်လိုက်သည့် ကျောက်တန်းတံတားမှာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူတည်ဆောက်ပေးခဲ့သည့် ပေ၁၈၀နှင့်အထက် တံတား ၂၁၂စင်းမြောက် တံတားဖြစ်ပြီး ရခိုင်ပြည်နယ်အနေဖြင့်၃၆စင်းမြောက် တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည့် တံတားဖြစ်သည်။ ရန်ကုန်-စစ်တွေလမ်း (အမ်း-စစ်တွေလမ်းအပိုင်း)ပေါ်တွင်တည်ရှိသော တံတားတစ်စင်းဖြစ်ပြီး ဤတံတားကြီး တည်ဆောက်ပြီးစီးသည့်အတွက်ပြည်နယ် ပြည်မဆက်သွယ်သွားလာရေးနှင့် ကုန်စည် စီးဆင်းမှုများ သွက်လက်မြန်ဆန်လာမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောက်တန်းတံတား မှာ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ တာဝန်ယူတည်ဆောက်ပေးခဲ့သည့် ပေ ၁၈၀ နှင့်အထက် တံတား ၂၁၂စင်းမြောက် တံတားဖြစ်ပြီး ရခိုင်ပြည်နယ် အနေဖြင့် ၃၆စင်းမြောက် တည်ဆောက် ဖွင့်လှစ်ပေးခဲ့သည့် တံတား ဖြစ်၏။ ရန်ကုန်-စစ်တွေလမ်း (အမ်း-စစ်တွေ လမ်း အပိုင်း) ပေါ်တွင် တည်ရှိသော တံတား တစ်စင်းဖြစ်ပြီး တံတားကြီး တည်ဆောက်ပြီးစီး သည့်အတွက် ပြည်နယ်၊ ပြည်မ ဆက်သွယ်သွား လာရေးနှင့် ကုန်စည်စီးဆင်းမှုများ သွက်လက် မြန်ဆန်လာမည်။

နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၂၃

၂၀၀၈ခုနှစ် မတ် ၂၃ရက်တွင် ကျရောက်သော ပါကစ္စတန်အစ္စလာမ္မစ်သမ္မတနိုင်ငံ၏ နှစ်ပတ်လည် အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ပါကစ္စတန်အစ္စလာမ္မစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာအီနမ်အူလ်ဟာ့ခ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ဆွမ်းဆန်တော်လှူဒါန်းမှုအောင်ပွဲ ဓမ္မသဘင်

ရန်ကုန် မတ် ၂၂

ပရိယတ္တိသာသနာနုဂ္ဂဟ ရန်ကုန်ဆန်လှူအသင်းကြီး၏ (၂၃၃)ကြိမ်မြောက် ဆွမ်းဆန်တော်လှူဒါန်းမှု အောင်ပွဲအထိမ်းအမှတ်ဓမ္မသဘင်များကို မတ် ၂၆ ရက်မှ ၂၈ရက်အထိ အသင်းတိုက်တည်ရှိရာ ကြည့်မြင်တိုင်မြို့နယ် အထက်ကြည့်မြင်တိုင်လမ်း အမှတ် ၈၉ ၌ ကျင်းပမည်ဖြစ်ရာ ယောဆရာတော် ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ၊ ရေစကြိုဆရာတော် ဘဒ္ဒန္တ ဝါယာမိန္ဒာဘိဝံသနှင့် မော်ကျွန်းဆရာတော် ဘဒ္ဒန္တ သီလက္ခန္ဓာဘိဝံသတို့က ညစဉ် ၇ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ဂုဏ်ပြု မှတ်တမ်းလွှာချီးမြှင့်

ပြည်ခရိုင် ပေါက်ခေါင်းမြို့ အမှတ်၄ရပ်ကွက် ငရွှေဝါလမ်းနေ **သမီးကြီး ဒေါက်တာရည်ရည်ခိုင်(၄-နှစ်ပြည့်)အား ရည်စူး၍ မိဘများဖြစ်ကြသော ဦးသိန်းခိုင်-ဒေါ်မြင့်ကြည်မိသားစုက သုတ္တန္တပိဋကာ၊ ခုဒ္ဒကနိကာယ၊ ခုဒ္ဒကပါဠိတော်တွင် ကြေးပိဋကတ်တော် အချပ်၂၀ စုစုပေါင်း တန်ဖိုးငွေကျပ် ၅၂၀၀၀၀ကို ကြေးပိဋကတ်တော်ပြုလုပ်လှူဒါန်းရေး ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏထံ လာရောက်ဆက်ကပ် လှူဒါန်းကြရာ ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။** (က-ပ)

ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ရောဝတီတိုင်း ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ဖြည့်ဆည်းပေး

ရန်ကုန် မတ် ၂၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် မတ် ၂၀ ရက်တွင် ဒေးဒရဲမြို့ ရုံးကြီးအခြေခံပညာမူလတန်းရှိ ကျောင်းဆောင်သစ်ဆောက်လုပ်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ဒေးဒရဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမနှင့် ဘိုကလေးမြို့ ပညာရေးကောလိပ်၌ ရပ်မိရပ်ဖများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူတို့အား တွေ့ဆုံ၍ နိုင်ငံတော်က ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်နေသည်များကို ရှင်းလင်းပြောကြားပြီး ပညာရေးကောလိပ်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ပေးအပ်

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် ဘိုကလေးမြို့ စစ်ကုန်းအခြေခံပညာမူလတန်းကျောင်း၏ ကျောင်းဆောင်သစ် ဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ရောက်ရှိပြီး ကွန်ကရစ်တိုင်ထူရန် ကွန်ကရစ်လောင်းပေး၍ အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကာ ကျောင်းဆောင်သစ်ဆောက်လုပ်ရန် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ဘိုကလေးမြို့၌ ဗိုလ်ကလေးတင့်အောင် စာကြည့်တိုက် ဖွင့်လှစ်ရန် ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမနှင့် ကျိုက်လတ်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေဝါလတ်ခန်းမတို့၌ ရပ်မိရပ်ဖများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူတို့အား တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ကျိုက်လတ်မြို့နယ် အမှတ်(၃) အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းအတွက်လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။ **(သတင်းစဉ်)**

စွန်ဖြတ်ပြိုင်ပွဲနှင့် စွန်အလှပွဲတော်ကျင်းပမည်

ရန်ကုန် မတ် ၂၂

မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၀၈ခုနှစ် စတုတ္ထအကြိမ် စွန်ဖြတ်ပြိုင်ပွဲနှင့် စွန် အလှပွဲတော်ကို ဧပြီ ၁ ရက်မှ ၃ ရက် အထိ ရန်ကုန်မြို့ရှိ လူငယ်အားကစား လေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)၌ ကျင်းပရန်စီစဉ်ထားရာ ပြိုင်ပွဲဝင်ခွင့် လျှောက်လွှာများကို မတ် ၂၅ ရက်မှ ၂၉ ရက် အထိ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ်ရုံးခန်း၌ လက်ခံမည်ဖြစ်ပြီး အသေးစိတ်သိလိုပါက အဖွဲ့ချုပ်ရုံးခန်းတွင် စုံစမ်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

သင့်သွေးဖြင့် အသက်ကယ်ပါ

MRTV-4 ရုပ်မြင်သံကြား အစီအစဉ်

၂၃-၃-၂၀၀၈(တနင်္ဂနွေနေ့)

AM & PM

၇:၀၀ - ၁:၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅ - ၁:၀၅	ရှိတဲ့ကျေးဇူး ဆပ်ကြမယ် တရားတော် (ဓမ္မဒူတ အရှင်ဆေကိန္ဒ ဆရာတော်)
၈:၀၀ - ၂:၀၀	Soccer Update
၈:၁၅ - ၂:၁၅	Sunday Talk (မြန်မာ့ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး) [ဦးအောင်ဒင်၊ ဦးသက်လွင်တိုး၊ ကိုကို (စက်မှုတက္ကသိုလ်)]
၉:၁၀ - ၃:၁၀	ပြည်တွင်းသတင်းအကျဉ်း
၉:၂၀ - ၃:၂၀	သာယာပျော်ရွှင်စိမ်းလဲ့တင်
၉:၃၅ - ၃:၃၅	တေးဂီတအစီအစဉ်
၉:၄၀ - ၃:၄၀	နိုင်ငံတကာသတင်းအကျဉ်း
၉:၄၅ - ၃:၄၅	နေရိပ်တွင် လှပသစ်လွင်ခဲ့သော
၁၀:၀၀ - ၄:၀၀	တေးဂီတအစီအစဉ်
၁၀:၀၅ - ၄:၀၅	မိုးလေဝသခန့်မှန်းချက်
၁၀:၁၀ - ၄:၁၀	တိုးပွားဆောင်ရွက် နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (ဗဟိုဖောက်စက်)
၁၀:၂၀ - ၄:၂၀	တေးဂီတအစီအစဉ်
၁၀:၂၅ - ၄:၂၅	ပြည်တွင်းသတင်းအကျဉ်း
၁၀:၃၅ - ၄:၃၅	Euro Goals
၁၀:၅၅ - ၄:၅၅	တေးဂီတအစီအစဉ်
၁၁:၀၀ - ၅:၀၀	အန္တရာယ်ကင်းသော မိခင်ဘဝ (ဒေါက်တာသိန်းသိန်းငွေ)
၁၁:၁၅ - ၅:၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၂၀ - ၅:၂၀	မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာနအကြောင်း သိကောင်းစရာ (အပိုင်း-၁)
၁၂:၀၅ - ၆:၀၅	တေးဂီတအစီအစဉ်
၁၂:၁၀ - ၆:၁၀	နိုင်ငံတကာအနုပညာရေးရာ
၁၂:၂၀ - ၆:၂၀	လွင်မိုးခရီးသွားနေသည် (အပိုင်း-၉)
၁:၀၀ - ၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇:၅၅	Man Utd-Liverpool	ESPN (Live)
၁၀:၂၅	Chelsea- Arsenal	ESPN (Live)

မီးဘေးကာကွယ်ရေး အရှိန်အဟုန်မြှင့်ဆောင်ရွက် ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ တာဝန်ရှိသူများအား တွေ့ဆုံမှာကြား

ရန်ကုန် မတ် ၂၂

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေသည် ယမန်နေ့နံနက် ၈နာရီခွဲက ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီးဌာန အစည်းအဝေးခန်းမ၌ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းနှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းမီးသတ်ဦးစီးဌာန တိုင်းဦးစီးဌာနမှူး ဦးအောင်ကျော်မြင့်နှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှူးများအား တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ထိုသို့ တွေ့ဆုံရာတွင် ရှေးဦးစွာ တာဝန်ရှိသူများက လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဖြည့်စွက် ရှင်းလင်းတင်ပြကြသည်။

အရှိန်အဟုန်မြှင့်

ထို့နောက် ဝန်ကြီးက ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး မီးဘေးအန္တရာယ် ကာကွယ်ရေးလုပ်ငန်းများကို ရပ်ကွက်များ၊ စက်ရုံအလုပ်ရုံများတွင် ဟောပြောခြင်း၊ သရုပ်ပြခြင်း၊ စစ်ဆေးခြင်းလုပ်ငန်းများစဉ်ဆက်မပြတ်ဆောင်ရွက်ကြရေး၊ ယခုကဲ့သို့ ပွင့်လင်းရာသီတွင် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ကြရေးနှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းမှာကြားပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။ ယင်းနောက် ဝန်ကြီးသည် မီးသတ်ဦးစီးဌာနရှိ မီးသတ်ယာဉ်များအခြေအနေကို လှည့်လည်ကြည့်ရှု စစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ (၆၃)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်မြို့ မြို့သစ်(၈)လမ်း မြို့ပြကတ္တရာလမ်းနှင့် မြို့သစ်(၃)လမ်း မြို့ပြကျောက်ချောလမ်းဖွင့်ပွဲအခမ်းအနားကို မတ် ၁၆ရက်က ကျင်းပရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်အား ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်က လမ်းဖွင့်ပွဲအထိမ်းအမှတ်အလံ ပေးအပ်စဉ်။ (မြို့နယ်စည်ပင်)

တိုက်(၁) အောင်ချမ်းသာအိမ်ရာ အရှေ့ရွှေဂုံတိုင်လမ်း ဗဟန်းမြို့နယ်နေ စိုးလျှပ်စစ်နှင့် စက်ကိရိယာ ကုမ္ပဏီလီမိတက်က ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေး ပဒေသာပင် အလှူငွေကျပ် ငါးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။ (က-ပ)

လူစီးတွဲ၊ ကုန်တွဲစက်ရုံ(မြစ်ငယ်)နှင့် ဒီဇယ်စက်ခေါင်းစက်ရုံ ရထားပို့ဆောင်ရေးဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၂၂

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်အောင်မင်းသည် ဒုတိယဝန်ကြီး သူရဦးသောင်းလွင် လိုက်ပါ၍ မတ်၂၀ရက် နံနက်ပိုင်းတွင် RBE အထူးရထားဖြင့် မြစ်ငယ်သို့ရောက်ရှိပြီး လူစီးတွဲနှင့်ကုန်တွဲစက်ရုံ(မြစ်ငယ်) အထွေထွေမန်နေဂျာ ဦးအောင်ဝင်းက တွဲသစ်တည်ဆောက်ခြင်း၊ RBE ရထားတွဲများ မွမ်းမံပြင်ဆင်ခြင်း၊ လူစီးတွဲနှင့် ကုန်တွဲများ အကြီးတန်းပြင်ဆင်မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

စစ်ဆေး

ထို့နောက် ဝန်ကြီးက တာဝန်ရှိသူများ၊ စက်ရုံဝန်ထမ်းများအား လိုအပ်သည်များကိုမှာကြားပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ဝန်ကြီးသည် ကြိုတင်အားဖြည့် ကွန်ကရစ်ဇလီဖားတုံးစက်ရုံ(မြစ်ငယ်)နှင့် ရွာထောင် ဒီဇယ်စက်ခေါင်းစက်ရုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မှာကြား

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ဒုဋ္ဌဝတီမြစ်ကို ဖြတ်သန်းဖောက်လုပ်ထားသည့် တံတားအမှတ်၈၂၄ မြစ်ငယ်တံတားကြံ့ခိုင်မှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ကြည့်ရှု

ယင်းမှတစ်ဆင့် ဝန်ကြီးသည် ဆင်သေဘူတာနှင့် ရွှေမြို့အကြားရှိ တံတား အမှတ် ၄၅၃ ဆင်သေတံတား ကြံ့ခိုင်မှုများအား ကြည့်ရှုစစ်ဆေးပြီး နေပြည်တော် ဘူတာသစ်တည်ဆောက်နေမှုနှင့် ရထားလမ်းမြေသား တာပေါင်များကို စက်ယန္တရားများဖြင့် ဆောင်ရွက်နေမှုကို ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လေဖိအားနည်း ချိုင့်ဝှမ်းများကြောင့် မိုးရွာနိုင်

နေပြည်တော် မတ် ၂၂

ယမန်နေ့နံနက် မြန်မာစံတော်ချိန် နံနက်၉နာရီခွဲ တိုင်းထွာချက်များအရ အနောက်ဘက်မှ ရွေ့လျားလာသော လေဖိအားနည်းချိုင့်ဝှမ်းများ၏ အရှိန်ကြောင့် ယမန်နေ့မွန်းတည့်မှ နောက် ၄၈နာရီအတွင်း ရခိုင်ပြည်နယ်မြောက်ပိုင်း၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

ရူပဗေဒ ကျောင်းသားကျောင်းသူများ အာစရိယပူဇော်ပွဲ

ရန်ကုန် မတ် ၂၂

ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် ရူပဗေဒ ၁၉၇၂-၇၇ ကျောင်းသားကျောင်းသူဟောင်းများ၏ ဆဋ္ဌမအကြိမ် အာစရိယပူဇော်ပွဲကို မတ်၃၀ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် ရန်ကုန်တက္ကသိုလ်များ ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။ ကျောင်းသား ကျောင်းသူဟောင်းများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကုသိုလ်ယူကြရန်နှင့် ဦးသန်းလင်း ဖုန်း-၅၄၉၀၉၀၊ ဒေါ်ရီရီဝင်းရှိန် ဖုန်း-၅၀၇၀၃၈၊ ဦးမြင့်ဝင်း ဖုန်း-၅၁၁၄၇၇၊ ၂၂၀၇၆၄၊ ဦးချစ်စိန် ဖုန်း-၂၈၀၉၀၂နှင့် ဒေါ်ခင်တင့် ဖုန်း-၅၃၁၄၈၂တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

သောင်းကျန်းသူအဖျက်သမားများ ထောင်ထားသည့် မိုင်းနင်းမိပေါက်ကွဲ၍ အပြစ်မဲ့ပြည်သူ ဒဏ်ရာရရှိ

နေပြည်တော် မတ် ၂၂

အကြမ်းဖက် သောင်းကျန်းသူ အဖျက်သမားများသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို နှောင့်ယှက်ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများသေကျေဒဏ်ရာရ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့်လုပ်ရပ်များကို နည်းမျိုးစုံအသုံးပြုဆောင်ရွက်လျက်ရှိရာ မတ် ၁၆ရက် နံနက် ၆နာရီခန့်တွင် ပဲခူးတိုင်း ကျောက်ကြီးမြို့နယ် ကော့ပြင်းကျေးရွာ အမှတ်(၃)ရပ်ကွက်မှ အဖ ဦးညို၏ သား အောင်ခိုင်ထွန်း (၂၇)နှစ်သည် အဖော်များနှင့်အတူ အင်ဖက်ကောက်ရန် တောတွင်းသို့ သွားရောက်စဉ် သောင်းကျန်းသူ အဖျက်သမားများထောင်ထားသည့် မိုင်းတစ်လုံးနင်းမိပေါက်ကွဲပြီး အောင်ခိုင်ထွန်း၏ ဘယ်ဘက်ခြေသလုံး မိုင်းစထိမှန် ဒဏ်ရာရရှိခဲ့သည်။

ဆေးရုံသို့ပို့ဆောင်

မိုင်းစထိမှန် ဒဏ်ရာရရှိသူ အောင်ခိုင်ထွန်းအား တာဝန်ရှိသူများက မုန်းတိုက်နယ် ပြည်သူ့ဆေးရုံသို့ပို့ဆောင်ကြ၍ ဆေးဝါးကုသမှုများနှင့် လိုအပ်သော ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် သောင်းကျန်းသူအဖျက်သမားများအား တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက သတင်းဖော်ထုတ်ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း မှုခင်းသတင်းများ

ဝါကောက်နေစဉ် နားကပ်လုယက်ခံရ

မိတ္ထီလာခရိုင် သာစည်မြို့နယ် ဒဟတ်ကျင်းကျေးရွာနေ ဒေါ်တင်ကြည် (၅၅နှစ်)သည် ဇန်နဝါရီ ၂၁ရက်က ရွာ၏အရှေ့ဘက် ဝါခင်းအတွင်း ဝါကောက်နေစဉ် အမျိုးသားတစ်ဦး အင်္ကျီအဖြူ၊ လွယ်အိတ်အနီ လွယ်ပြီး ပုဆိုးစလွယ်သိုင်းကာ ဓားရှည်ကိုင်ထားပြီး ဒေါ်တင်ကြည်အား ရင်ဘတ်၊ နောက်ကျောနှင့် ခါးတို့ကို ဓားနှောင့်နှင့်ထု၍ ရွှေနားကပ်အား လုယူ ထွက်ပြေးသွားခဲ့သည်။

ဒေါ်တင်ကြည် ဝါခင်းအတွင်းလဲနေစဉ် ကိုထွန်းဝင်း၊ မစန်းဌေးတို့ လင်မယားကတွေ့ရှိ၍ လှည်းပေါ်တင်ခေါ်လာခဲ့ပြီး ကျေးရွာဥက္ကဋ္ဌထံ သတင်းပေးပို့တိုင်ကြားခဲ့ပြီးနောက် သာစည် ရဲစခန်းမှ ဒေါ်တင်ကြည်အား ဆေးစာဖြင့် ဆေးရုံတင်ပို့ခဲ့သည်။ နားကပ်လုယူသွားသူမှာ ညွှန့်နိုင်ဖြစ်ကြောင်း သိရှိရ၍ ဒေါ်တင်ကြည်၏တူ သာစည်မြို့ အမှတ်(၄) နယ်မြေ တိန်ကန်ရပ်နေ ကိုထွန်းထွန်း(၄၁နှစ်)က တရားလိုပြုလုပ်၍ အမှုဖွင့်တိုင်ကြားခဲ့သဖြင့် ညောင်ရမ်း ရဲစခန်းက ညွှန့်နိုင်အား ရဲစခန်းမှ (ပ)၅/၂၀၀၈ ပုဒ်မ-၃၈၂ဖြင့် အမှုဖွင့် အရေးယူထားသည်။ **(ဝ၈၆)**

ခါတ်ဆီပုံးဖလှယ်ရာမှ မီးလောင်မှုဖြစ်ပွား

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ပြည်ကြီးပျော်ဘွယ် အရှေ့ရပ်ကွက် ၃၀နှင့် ၃၁လမ်းကြား၊ ၈၆နှင့် ၈၇လမ်းကြား၊ နန်းရပ်ရှိဦးဝင်းဆွေ၊ ဒေါ်စိန်စိန်တို့၏နေအိမ်တွင် မတ် ၂၀ရက်က ယာဉ်မောင်းသိန်းဌေးအောင် (၃၅)နှစ်က ဓာတ်ဆီပုံးတစ်ပုံးမှ အခြားတစ်ပုံးသို့ ပြောင်းထည့်စဉ် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်းနှင့် မီးလောင်မှုကြောင့် နှစ်ထပ်တိုက်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း၊ မီးလောင်မှုကြောင့် တစ်ဦးသေဆုံးခဲ့ပြီး နှစ်ဦးမှာ ဒဏ်ရာများ ရရှိသဖြင့် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးသို့ တင်ပို့ကုသထားကြောင်း၊ မီးလောင်မှုနှင့်ပတ်သက်၍ အမှတ်(၆)ရဲစခန်းမှ အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကန့်ဘလူ၌ မီးလောင်မှုဖြစ်ပွား

စစ်ကိုင်းတိုင်း ကန့်ဘလူမြို့နယ် ညောင်ကန်သာကျေးရွာအုပ်စု တမာကုန်းကျေးရွာနေ ဦးသောင်းမြင့်(ဘ)ဦးအုန်းမောင်၏နေအိမ်တွင် မတ်၁၉ရက် မွန်းလွဲ ၂နာရီခန့်က မီးဖိုချောင်မီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့သည်။ မီးလောင်ရာသို့ သက်ဆိုင်ရာတာဝန်ရှိသူများနှင့်ကျေးရွာနေ ပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် ၆ နာရီ မိနစ် ၂၀တွင် မီးငြိမ်းသွားသည်။ မီးလောင်မှုကြောင့် အိမ်ခြေ ၅၈ လုံးဆုံးရှုံးခဲ့ရပြီး စုစုပေါင်း၂၉၂ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။

(သတင်းစဉ်)

လျှပ်စစ်ဝိုင်ယာရှော့ဖြစ်ပြီးမီးလောင်

ဗဟန်းမြို့နယ်ဆရာစံမြောက် အနောက်ရပ်ကွက် ဆရာစံလမ်း ဒေါ်အေးမြတ်နွယ်(၄၈)နှစ်(ဘ)ဦးဘနွယ်၏ နေအိမ်၌ မတ်၂၀ရက် ည ၈နာရီ ၅၅မိနစ်ခန့်က လျှပ်စစ်ဝိုင်ယာရှော့ဖြစ်ကာ မီးစတင်လောင်ခဲ့သည်။ မီးလောင်ရာသို့ သက်ဆိုင်ရာတာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ည ၉နာရီ ၁၅မိနစ်တွင် မီးငြိမ်းသွားသည်။ မီးလောင်မှုကြောင့် အဆိုပါနေအိမ် နှင့်အတွင်းပစ္စည်းများ မီးလောင်ဆုံးရှုံးခဲ့ရသည်။ မီးလောင်မှုနှင့်ပတ်သက်၍ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

ပြင်ဦးလွင်၌ ကားမီးလောင်မှုဖြစ်ပွား

ယာဉ်မောင်းသိန်းဇော်ဆွေ မောင်းနှင်လာသော ယာဉ်အမှတ် ၉ခ/၂၆၆၇ တက်လမ်း ကားအသင်းမှ ခရီးသည်တင်ကားကြီးသည် မတ် ၁ ရက် နံနက် ၅နာရီ၄၅မိနစ်က ရန်ကုန်မှလားရှိုးသို့အသွား ပြင်ဦးလွင်မြို့နယ် မိုင်တိုင်အမှတ် ၁၉ မိုင် ၅ ဖာလုံအရောက်တွင် ကားစက်ခေါင်းအတွင်းမှ မီးစတင်လောင်ကျွမ်းမှု ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

ကားမီးလောင်မှုဖြစ်ပွားစဉ် ဇီးပင်ကြီး ဗဟိုမီးသတ်သင်တန်းကျောင်းမှ မီးသတ်ကားများ လာရောက်ငြိမ်းသတ်ခဲ့သဖြင့် နံနက် ၇နာရီ၁၅မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။

ခရီးသည်များမှာ ထိခိုက်ဒဏ်ရာ ရရှိမှုမရှိကြောင်း၊ ယာဉ်မောင်း သိန်းဇော်ဆွေသည် ကားမီးလောင်ခဲ့သဖြင့် ထွက်ပြေးတိမ်းရှောင်သွားသော်လည်း သက်ဆိုင်ရာမှ ပုဒ်မ၂၈၅အရ အရေးယူထားကြောင်း သိရသည်။ (ဝ၈၈)

မြင်းခြံမြို့နယ်လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူ

မြင်းခြံ မတ် ၅

မြင်းခြံမြို့နယ်လုံးကျွတ် (၂၇)ကြိမ်မြောက် သံဃဒါန ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၁ရက်က မြင်းခြံမြို့ မဏိကဠ္ဍနာခန်းမရှေ့ (ဗဟို) မဏ္ဍပ်၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးလှမိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းဆွေနှင့်အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ခရိုင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာများ၊ ပုဂ္ဂလိကအလှူရှင်များ စုပေါင်းဆွမ်းဆန်စိမ်းလောင်းလှူသည့် မဏ္ဍပ် ၆၁ ခုမှ အလှူရှင်များသည် မြို့နယ်သံဃနာယကအဖွဲ့ဝင်များ၊မြို့နယ်သံဃာ့ဝန်ဆောင်ဆရာတော်ကြီးများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၈၅ အုပ်စုမှ ပင့်သံဃာတော် အပါး ၉၇၀တို့အား ဆွမ်းဆန်တော် ၁၀၇၅တင်း တန်ဖိုးငွေကျပ် ၁၀၇သိန်းကျော်နှင့် အခြားလှူဖွယ်ပစ္စည်းများ တန်ဖိုးငွေကျပ် ခုနစ်သိန်းကျော် အပါအဝင် စုစုပေါင်းတန်ဖိုး ငွေကျပ် ၁၁၅ သိန်းဖိုး လောင်းလှူကြကြောင်း သိရသည်။ (၀၈၇)

အမှတ် ၄၆(က) ရွှေတောင်ကြားလမ်း ဗဟန်းမြို့နယ်နေ ဒေါ်ရွှေတင်၊ ဦးမျိုးညွန့်၊ ဒေါက်တာစန်းစန်းဝေ၊ သားသမီး၊ မြေးတစ်စုတို့က မိဘနှစ်ပါးဖြစ်ကြသော ဦးလှကြိုင်-ဒေါ်တင်တင်တို့အား ရည်စူး၍ မဟာစည်သာသနာ့ရိပ်သာ ဟိတေသီအဖွဲ့သို့ ထာဝရဆွမ်းပဒေသာပင် ငွေကျပ်သိန်း ၅၀ လှူဒါန်းရာ အဖွဲ့ဥက္ကဋ္ဌ ဦးကျော်နှင့် အတွင်းရေးမှူး ဦးတင်ရွှေတို့က လက်ခံယူစဉ်။ (က-ပ)

ကောင်းမှုလုံစေတီ ဗုဒ္ဓပူဇနီယပွဲတော်

ပူတာအို မတ် ၂

ပူတာအိုခရိုင်တွင် ရှေးအကျဆုံး၊ ဉာဏ်တော် အမြင့်ဆုံး တန်ခိုးကြီး ရှေးဟောင်းသမိုင်းဝင် စေတီတော်ကြီး ဖြစ်သော မချမ်းဘောမြို့နယ်ကောင်းမှုလုံကျေးရွာ၌ ကောင်းမှုလုံစေတီတော်ကြီး ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို ဖေဖော်ဝါရီ၁၉ရက်မှ၂၁ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ ပွဲတော်ကြီးတွင် သံဃာတော်များက အသံမစဲ မဟာပဋ္ဌာန်းရွတ်ဆိုပူဇော်ခြင်း၊ မလိခမြစ်အတွင်း ဆီမီးခွက်တစ်ထောင်နှင့် ရှင်ဥပဂုတ္တဖောင်တော် ရေမျှောပူဇော်ခြင်း၊ မသိုးသင်္ကန်းကပ်လှူခြင်း၊ ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်း၊ ဆွမ်းတော်ကြီးကပ်လှူခြင်းစသည့် ကောင်းမှုကုသိုလ်များ ပြုခဲ့ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကျေးရွာစာကြည့်တိုက်သို့ စာအုပ်များလှူဒါန်း

သာစည် မတ် ၁၅

သာစည်မြို့နယ် ကျေးရွာအုပ်စုများ၌ တည်ဆောက်ဖွင့်လှစ်ပြီးဖြစ်သည့် ကျေးလက်စာကြည့်တိုက်များတွင် ကျေးလက်နေ ပြည်သူများ စာအုပ်၊ စာပေများကို လေ့လာဖတ်ရှုနိုင်ရန်အတွက် အမှတ် (၄)ရပ်ကွက်နေ ဦးဘဇံ ရွှေနဂါးပွဲရုံ မိသားစုသည် မတ် ၁၁ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးသို့ ဂျာနယ်မျိုးစုံ ၇၆စောင်ကို လှူဒါန်းရာ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းတင့်က လက်ခံယူကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သာယာလှပရေး ဆောင်ရွက်လျက်ရှိရာ ရန်ကုန်-မန္တလေးလမ်းနှင့် နတ်မောက်လမ်းဆုံရှိ ပန်းခြံအား ပန်းများဝေဆာစွာ ပွင့်ဖူးစေရန် ဆောင်ရွက်ခြင်းလုပ်ငန်းကို ဇန်နဝါရီ ၁၅ရက်က ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ပြင်ဦးလွင် မတ် ၂၀

(၆၃) နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြု ကန်တော်ကြီးပတ်လမ်း နိုင်လွန်ကတ္တရာလမ်းသစ်ဖွင့်

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပြင်ဦးလွင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၀၇-၂၀၀၈ဘဏ္ဍာရေး နှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သော ကန်တော်ကြီးပတ်လမ်း(နိုင်လွန်ကတ္တရာလမ်း)လမ်းသစ်ဖွင့်ပွဲကို မတ်၁၇ရက် နံနက်က အဆိုပါလမ်းမုခ်ဦးရှေ့၌ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌအလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်မှူးချုပ်တင်ငွေ၊ ပြင်ဦးလွင် တပ်နယ်မှူး ဗိုလ်မှူးချုပ် ဇေယျာအောင်နှင့် တပ်နယ်အရာရှိများ၊ ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊တိုင်း၊ခရိုင်မြို့နယ်ဌာနဆိုင်ရာအကြီးအကဲများနှင့်ဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းအသီးသီးမှပုဂ္ဂိုလ်များနှင့်ရပ်ကွက်ပြည်သူများတက်ရောက်ကြသည်။

ရှင်းလင်း

ရှေးဦးစွာ ကန်တော်ကြီးပတ်လမ်း (နိုင်လွန်ကတ္တရာလမ်း) လမ်းသစ်နှင့် ပတ်သက်၍ပြင်ဦးလွင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကိုလတ်က ရှင်းလင်းတင်ပြသည်။

ဖွင့်လှစ်

ထို့နောက် လမ်းသစ်အားမန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုးနှင့် ပြင်ဦးလွင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမင်းလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

(အပေါ်ပုံ) (မြို့နယ်စည်ပင်)

ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးသိန်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးရွှေထွန်းတို့ ရွှေလေးကျေးရွာစက်ရေတွင်း ရေစမ်းသပ်မောင်းနှင်နေမှုနှင့်ကျေးရွာမီးလင်းရေးဆောင်ရွက်ထားရှိမှုကို ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

အကြိမ် (၇၀)မြောက် သွေးလှူဒါန်း

ကျောက်မဲ မတ် ၁၀

ကျောက်မဲမြို့ အမှတ်(၁)ရပ်ကွက်နေ ဦးမောင်ညွန့်(**အပေါ်ပုံ**) အသက် (၅၅)နှစ် ဒုတိယအရာခံဗိုလ် (အငြိမ်းစား) လူမှုထူးချွန် (တတိယဆင့်)သည် ဖေဖော်ဝါရီ ၁၁ရက်က ခရိုင်ပြည်သူ့ဆေးရုံကြီး၌ အကြိမ်(၇၀)မြောက် သွေးလှူဒါန်းခဲ့ကြောင်းသိရသည်။ (က-ပ)

ပြည်သူ့ ဆက်ဆံရေးအကြောင်း ဟောပြော

သာစည် ဖေဖော်ဝါရီ ၂၂

နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်ပြသပွဲနှင့်အတူ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအကြောင်း သိကောင်းစရာများ ဟောပြောပွဲကို ဖေဖော်ဝါရီ ၂၁ရက်က ဘုရားကုန်းကျေးရွာ ဓမ္မာရုံအတွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးဝင်းတင်က ကျေးလက်ပြည်သူများ အသိဉာဏ်ဗဟုသုတ တိုးတက်ရေးနှင့် သတင်းအချက်အလက်များပေါ်တွင် ဝေဖန်ပိုင်းခြားတတ်ရေးတို့အတွက် နယ်လှည့်စာကြည့်တိုက်များ ကွင်းဆင်းဖွင့်လှစ်ပြသပေးရခြင်းဖြစ်ကြောင်း ကျေးရွာအသီးသီးတွင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များကို သတ်မှတ်ကာလအတွင်း ခိုင်မာစွာတည်ဆောက်ဖွင့်လှစ်နိုင်အောင် ဆောင်ရွက်ကြဖို့လိုကြောင်းနှင့် မကြာမီပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပမည့် အခြေခံဥပဒေများအကြောင်း သိကောင်းစရာများကို ဟောပြောဆွေးနွေးခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

ပဲခူး တိုင်း (အနောက် ပိုင်း) ဇီးကုန်း မြို့နယ် စည်ပင် သာယာရေးအဖွဲ့က နိုင်ငံတော် ထောက်ပံ့ငွေဖြင့်ဆောင်ရွက်သော ကံညီကို မြေသားလမ်းတိုးချဲ့ခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေအား ပဲခူးတိုင်း (အနောက် ပိုင်း) စည်ပင် သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးရဲလတ် ရှင်းလင်းတင်ပြစဉ်။ **(မြို့နယ် ပြန်/ဆက်)**

ရောဝတီတိုင်း ကျောင်းကုန်းမြို့ ဇီးငူကျေးရွာစာပေ ရတနာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲကိုမတ် ၄ရက်ကကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဉာဏ်လှိုင်၊ မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်လှပိုမိုနှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမင်းစိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ဒေါ်စုစုလွင် (MMN – ၅၆၁၅၆၂) နှင့် အများသိစေရန်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဝင်းမောင် (**E/MDY-318249**) (**P.S-222535109**)**No.3-34, 49th Street, 5.J Sunny Side, NY-11104 New York, U.S.A** ၏ ညွှန်ကြားချက်အရ။

ဦးဝင်းမောင်နှင့် ဒေါ်စုစုလွင်တို့သည် ၁၉၈၈ ခုနှစ်က လက်ထပ်ခဲ့ပြီး အင်ဒိုနီးရှားနိုင်ငံတွင် နေထိုင်ခဲ့ရာမှ ၁၉၈၉ ခုနှစ်တွင် စိတ်သဘောထားချင်း မတိုက်ဆိုင်၍ အတူပေါင်းသင်းနေထိုင်ခြင်းမပြုတော့ဘဲ ဦးဝင်းမောင် တစ်ဦးတည်း အမေရိကန်နိုင်ငံသို့ ထွက်ခွာသွားခဲ့ပါသည်။ ထိုစဉ်ကစပြီး တစ်ဦးနှင့်တစ်ဦး ဆက်သွယ်မှုမရှိတော့ပါ။ ၂၀၀၇ခုနှစ် ဇူလိုင်လက ဦးဝင်းမောင် မြန်မာပြည်သို့ ခေတ္တပြန်လာစဉ်ကလည်း တွေ့ဆုံမှုမရှိခဲ့ပါ။ သို့ပါ၍ ဦးဝင်းမောင်နှင့်ဒေါ်စုစုလွင်တို့သည် ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်ကြောင်းနှင့် ဒေါ်စုစုလွင်နှင့်ပတ်သက်၍ တစ်စုံတစ်ရာသက်ဆိုင် ပတ်သက်ခြင်း မရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ–
ဦးဇော်သိန်းထွန်း (တရားရုံးချုပ်ရှေ့နေ– စဉ်–၁၆၁၅)
ရုံးခန်း–၁၀၃(A)၊ အမှတ်–၁၀/၁၂၊ ၃၅ လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်း၊ ဖုန်း–၀၉–၅၀–၀၀၆၉၀။

U HTAY AUNG (BIOLOGY)
GRADE X & XI

နိုင်ငံတကာသတင်းဂျာနယ်များ မှာကြားနိုင်

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၆၆)
မိတ္ထီလာခရိုင်တရားရုံး
၂၀၀၇ ခုနှစ် တရားမဇာရီမှုအမှတ်–၉၉

မြန်မာ့စီးပွားရေးဘဏ်	**နှင့်**	၁။ ဦးတင်အောင်
မိတ္ထီလာမြို့။		၂။ ဒေါ်ဒေါ်ငါး
တရားနိုင်		**တရားရှုံးများ**

၂၀၀၁ခုနှစ် တရားမကြီးမှုအမှတ် ၇၇တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၈ခုနှစ် ဧပြီ ၂၂ရက် (မြန်မာသက္ကရာဇ် ၁၃၇၀ ပြည့်နှစ် တန်ခူးလပြည့်ကျော် ၂ ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာ အရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

မိတ္ထီလာမြို့ သီရိမင်္ဂလာရပ်ကွက်ရှိ အကွက်အမှတ် ၁၀/က–သီရိမင်္ဂလာ၊ ဦးပိုင်အမှတ် ၉၈၊ မြေကွက်အမှတ် ၁၀၇၊မြေချိန်ဧရိယာ ၀ဒသမ၀၈၂၈ကေရှိ ဂရန်မြေနှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသောအကျယ် (၃၆X၃၅) ပေရှိ သုံးထပ်တိုက်၊ အကျယ်ပေ(၃၀X၂၀)ရှိနှစ်ထပ်တိုက်၊ အကျယ်ပေ(၅၀X၄၀)ရှိ တစ်ထပ်တိုက် ဆီစက်ရုံ။

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၃၁၀။

ရောင်းချရန် စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၈ခုနှစ် မတ် ၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ပေါ်ခိုင်သန်း
ဒုတိယခရိုင်တရားသူကြီး(၁)
မိတ္ထီလာခရိုင်တရားရုံး၊ မန္တလေးတိုင်း။

ချိပ်ပိတ်တင်ဒါဈေးနှုန်းလွှာများတင်သွင်းရန် ဖိတ်ခေါ်ခြင်း

၁။ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ၂၀၀၈ခုနှစ် ဧပြီ ၂၄ရက်၊ ၂၆ရက်နှင့် ၂၇ရက်တို့တွင် ကျင်းပပြုလုပ်မည့် ဒသမအကြိမ်ဘွဲ့နှင်းသဘင်အခမ်းအနားအတွက် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမအတွင်း(အပြင်မပါ)၊ ဓာတ်ပုံရိုက်ကူးရေးလုပ်ငန်းကို စာချုပ်ချုပ်ဆိုဆောင်ရွက်လိုပါသောကြောင့် လုပ်ကိုင်ဆောင်ရွက်လိုသူများအား ချိပ်ပိတ်တင်ဒါဈေးနှုန်းလွှာများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က)	**တင်ဒါစတင်လက်ခံမည့်ရက်**	– ၂၆–၃–၂၀၀၈ရက်၊ (ဗုဒ္ဓဟူးနေ့)နံနက် ၉း၀၀နာရီ
(ခ)	**တင်ဒါပိတ်မည့်ရက်**	–၃–၄–၂၀၀၈ရက်၊(ကြာသပတေးနေ့)ညနေ၄း၀၀နာရီ
(ဂ)	**တင်ဒါဖွင့်မည့်ရက်**	– ၄–၄–၂၀၀၈ရက်(သောကြာနေ့)နံနက် ၁၀း၀၀နာရီ

၂။ တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုသည့်အချက်များကို ဓာတ်ပုံတင်ဒါ ခေါ်ယူရွေးချယ်ရေးကော်မတီ၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်သို့ လူကိုယ်တိုင် လာရောက်၍သော် လည်းကောင်း၊ ဖုန်း–၀၅၆–၂၁၈၆၅၊၀၅၆–၂၁၈၆၂ တို့သို့လည်းကောင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

(ဘွဲ့နှင်းသဘင်ဓာတ်ပုံတင်ဒါခေါ်ယူရွေးချယ်ရေးကော်မတီ)
ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်။

မြန်မာနိုင်ငံကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း အဆင့်မြင့်ဗီဒီယို ရန်ပုံငွေဖျော်ဖြေပွဲ

မြန်မာနိုင်ငံ ကိုယ်အင်္ဂါ မသန်စွမ်းသူများအသင်းမှ အဆင့်မြင့် ဗီဒီယိုရန်ပုံငွေဖျော်ဖြေပွဲအဖြစ် ဒုတိယမြောက် ဟန်းနီးမွန်းဇာတ်ကားကို ၃၀–၃–၂၀၀၈ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် မြေနီကုန်း ရွှေမန်းရုပ်ရှင်ရုံ၌ ပြသပါမည်။ ဒါရိုက်တာ ကိုအောင်မင်းသိမ်း ရိုက်ကူးသည့် ဒုတိယမြောက် ဟန်းနီးမွန်းဇာတ်ကားကို မင်းသမီး နန္ဒာလှိုင်က လှူဒါန်း၍ ရွှေမန်းရုပ်ရှင်ရုံမှ လှူဒါန်းပြသပေးမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံကိုယ်အင်္ဂါမသန်စွမ်းသူများ အသင်းရန်ပုံငွေ ဖျော်ဖြေပွဲ လက်မှတ်များကို ဦးမြတ်သူဝင်း(ဒု–ဥက္ကဋ္ဌ) ဖုန်း–၂၂၂၉၂၃၊ ၂၂၉၀၈၇၊ ၂၁၅၉၃၉(ရွှေမင်းသားကုမ္ပဏီ)၊ ဦးစိန်ထွေး(ဘဏ္ဍာရေးမှူး) ဖုန်း– ၅၂၅၁၁၉(စာရေးဆရာ)၊ ဦးအေးကိုကို (အတွင်းရေးမှူး) ဖုန်း– ၂၂၇၇၃၄၊ ၀၉–၅၀–၂၉၁၈၅(သပြေစန်းတည်းခိုခန်း)၊ ဦးမြတ်ဦး(ဗဟိုအမှုဆောင်)ဖုန်း–၅၂၅၈၂၃(ဘေဘီဗိုက်တာ)၊ ဒေါ်သူဇာကျော် (ဗဟိုအမှုဆောင်) ဖုန်း –၀၉–၅၁–၂၂၅၂၉တို့သို့ ဆက်သွယ်၍ လက်မှတ်များ ဝယ်ယူနိုင်ပါသည်။ ကံစမ်းမဲ အစီအစဉ်ပါရှိကြောင်းနှင့် အကယ်၍ဆက်သွယ်လှူဒါန်းလိုပါက အထက်ပါ ဗဟိုအမှုဆောင်များထံသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။



ကျောက်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ပျိုးဥယျာဉ် အသစ်တည်ဆောက်ခြင်းနှင့် မြေသားပြုပြင်ခြင်းလုပ်ငန်းများကို မတ် ၅ ရက်က အမှုဆောင်အရာရှိ ဦးတင်ဝင်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)



(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် သာယာဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၇–၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော မင်းတဲလမ်း ကတ္တရာလမ်းဖွင့်ပွဲအခမ်းအနားကို မတ်၁၉ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသန်းအောင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်အောင်ဖြိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်စည်ပင်)

မီး သတိပြု

တွေ့ရှိက ကျေးဇူးဆပ်ပါမည်

မအေးအေးမင်း၁၂/မဂတ(နိုင်)၀၀၉၇၇နှင့် မစန်းစန်းမင်း ၁၂/မဂတ(နိုင်)၀၀၃၂၂၂၏မှတ်ပုံတင်ကတ်ပြားများကျပျောက်သွားပါသဖြင့် တွေ့ရှိက ဖုန်း–၂၉၀၈၃၈၊၀၉–၅၁–၁၇၅၉၅၊ ၅၄၂၈၅၀တို့သို့ အကြောင်းကြားပါက အထူးကျေးဇူးဆပ်ပါမည်။

ဂန့်ဂေါ မတ် ၅

အရန်သားဖွား သင်တန်းဆင်းပွဲ ကျင်းပ

ဂန့်ဂေါခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ကြီးမှူး ဖွင့်လှစ်သည့် အရန်သားဖွားသင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၁၄ ရက်က ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဦးအင်းကြူက သင်တန်းထူးချွန်မှု ပထမဆု ရရှိသည့်မခင်ထွေးပို(ဂန့်ဂေါ)၊ ဒုတိယဆုရရှိသည့် မမီမီလွင်(ထီးလင်း)၊ တတိယ ဆုရရှိသည့် မအိအိမိုး(ဆော)တို့အား ဆုများချီးမြှင့်ပြီး ဒေါက်တာဝင်းရွှေဝင်းက သင်တန်းဆင်း လက်မှတ်များကို လည်းကောင်း ပေးအပ်ခဲ့ကြသည်။ **(၀၇၁)**

မူလတန်းလွန် ကျောင်းဆောင်သစ်ဖွင့်လှစ်

ကျောင်းကုန်း မတ် ၅

ငွေကျပ်သိန်း ၁၁၀တန် ကိုယ့်အားကိုယ်ကိုး အခြေခံပညာ မူလတန်းလွန် တိုးချဲ့ကျောင်းဆောင်သစ်အား ဖဲကြိုးဖြတ် ဖွင့်လှစ်ခြင်းနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ၊ ၂၀၀၆–၂၀၀၇ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၆ရက် နံနက် ၈နာရီက ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် ကွင်းကြီးကျေးရွာအုပ်စု ပိန်းဂရက်ကြီး ကျေးရွာအခြေခံပညာမူလွန်ကျောင်းတွင် ကျင်းပရာ တိုးချဲ့ကျောင်းဆောင်သစ်အား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးဉာဏ်လှိုင်၊ မြို့နယ်ပညာရေးမှူး ဦးတင့်ဆွေနှင့် ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးစံရင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

အမှာစကား

ဆက်လက်၍ မူလွန်တိုးချဲ့ကျောင်းဆောင်သစ်အား ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်၍**(အောက်ပုံ)** မြို့နယ်ဥက္ကဋ္ဌ ဦးဉာဏ်လှိုင်နှင့် မြို့နယ်ပညာရေးမှူး ဦးတင့်ဆွေတို့က အမှာစကားပြောကြားပြီး ငွေကျပ်သိန်း ၁၁၀တန် တိုးချဲ့ကျောင်းဆောင်သစ်ကို ပညာရေးဌာနသို့ လွှဲပြောင်း ပေးအပ်ရာအဆောက်အအုံနှင့် စာရွက်စာတမ်းများကို ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးစံရင်က မြို့နယ်ပညာရေးမှူး ဦးတင့်ဆွေထံ လွှဲပြောင်းပေးအပ်သည်။

ချီးမြှင့်

ထို့နောက်၂၀၀၆–၂၀၀၇ခုနှစ် ပညာသင်နှစ် ပညာရည်ချွန်ဆု ရရှိကြသည့် သူငယ်တန်းမှသတ္တမတန်းအထိကျောင်းသားကျောင်းသူများအား ဆုများချီးမြှင့်ပေးအပ်သည်။ **(၁၅၄)**

ဗဟိုအတွင်းရေးမှူးများဖြစ်ကြသော ဦးအောင်သောင်းနှင့် ဦးသိန်းဇော် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များအားတွေ့ဆုံ

နေပြည်တော် မတ် ၂၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူးများဖြစ်ကြသော အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းနှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်တို့သည် မတ် ၂၀ရက်တွင် မိုးကုတ်မြို့ မြို့နယ်အားကစားခန်းမ၌ ခရိုင်နှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်အသီးသီးမှ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်၍ ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ်၂၁ရက်က မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် မိုးကုတ်မြို့နယ် ကျပ်ပြင် ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်းရုံးရှေ့၌ ကျင်းပရာ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ကျပ်ပြင် ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်းမှခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်းရုံး အဆောက်အအုံအတွင်း စက်များတပ်ဆင်ထားမှုအခြေအနေကို ကြည့်ရှုစစ်ဆေးကာ အော်တိုတယ်လီဖုန်းများအား အဝေးဆက်သွယ်မှုကို စမ်းသပ်ခေါ်ယူ စစ်ဆေးကြသည်။

အဆိုပါ ဒစ်ဂျစ်တယ်အော်တိုတယ်လီဖုန်း ဖွင့်လှစ်ပေးနိုင်သဖြင့် ကျပ်ပြင်၌ ဒစ်ဂျစ်တယ် အော်တိုတယ်လီဖုန်း အလုံး၅၀၀ ပြည်တွင်း၊ ပြည်ပ ဆက်သွယ်အသုံးပြုနိုင်ကြောင်း သိရှိရသည်။

ကြည့်ရှုစစ်ဆေး

အလားတူ ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်းသစ်ဖွင့်ပွဲ အခမ်းအနားကို မိုးကုတ်မြို့ မြို့မအုပ်စု ဗိုလ်ကုန်းရပ်ကွက် စုပေါင်းရုံးဝင်း ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်းရုံးရှေ့၌ ဆက်လက်ကျင်းပရာ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က မုခ်ဦးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး *စာမျက်နှာ ၃ ကော်လံ ၁* ■

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

(၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုရုပ်မြင်သံကြားဇာတ်လမ်း

ပါဝင်သရုပ်ဆောင်သူများ၏ စိတ်ဝင်စားဖွယ်ပြောစကားများ

တွေ့ဆုံမေးမြန်းသူ - မောင်မောင်မြင့်ဆွေ
ဓာတ်ပုံမှတ်တမ်း - တင်စိုး (မြန်မာ့အလင်း)

ရန်ကုန် မတ် ၂၂

“သစ္စာမော်ကွန်း” အမည်ရှိ ရုပ်မြင်သံကြားဇာတ်လမ်းကို (၆၃)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်အဖြစ် မကြာမီ ထုတ်လွှင့်တော့မည်ဖြစ်သည်။ ပြည်သူချစ်သော အနုပညာရှင်များစွာ ပါဝင်ရိုက်ကူးထားသဖြင့် ပရိသတ်များကလည်း စိတ်ဝင်စားလျက်ရှိရာ ရုပ်မြင်သံကြားဇာတ်လမ်း ထုတ်လွှင့်မည့်ရက်ကို စောင့်မျှော်နေကြပြီဖြစ်သည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ●

ရှေ့တန်းစစ်မြေပြင်တွင် တပ်မတော်အရာရှိတစ်ဦးအဖြစ် သူထူးစံ၏ ဟန်အပြည့် မာန်အပြည့် သရုပ်ဆောင်ဟန်ကို ဤသို့တွေ့ရသည်။

တိမ်အသင့်အတင့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

နွေစပါးပေါ်၍ ဆန်ဈေးနှုန်း ဆက်လက်တည်ငြိမ်နေ ရာသီကုန်သီးနှံများ ဈေးကွက်သို့ လှိုင်လှိုင်ဝင်လာ

ကွင်းဆင်းစေ့ငုသူ–မြင့်မောင်စိုး ◆ ဓာတ်ပုံမှတ်တမ်း–အောင်သန်း(မင်္ဂလာတောင်ညွန့်)

ဧရာဝတီတိုင်းမှ ရန်ကုန်မြို့ ဝါးတန်းဆိပ်ကမ်းသို့ ဤသို့ နေ့စဉ် ဆန်အိတ်များ ဝင်ရောက်လျက်ရှိသည်။

ရန်ကုန် မတ် ၂၂

ယခုသီတင်းပတ် ပြည်တွင်း အခြေခံစားကုန်များဖြစ်သည့် ဆန်၊ ဆီ၊ ငရုတ်၊ ကြက်သွန်နှင့် သစ်သီးဝလံ ဟင်းသီးဟင်းရွက်ဈေးနှုန်းများကို မြန်မာ့အလင်းသတင်းအဖွဲ့က သက်ဆိုင်ရာ ဈေးကြီးများသို့ သွားရောက်ကာ ကွင်းဆင်းမေးမြန်း ဖော်ပြလိုက်ရပါသည်။

ဆန်ဈေး

ပြည်သူများ နေ့စဉ် မဖြစ်မနေစားသုံးနေသည့် ဆန်ဈေးနှုန်းမှာ တည်ငြိမ်နေသည်။ လမ်းမတော်မြို့နယ် ဝါးတန်းဆိပ်ကမ်းရှိ မြန်မာနိုင်ငံ ဆန်ကုန်သည်များအသင်း၏ ပြောပြချက်အရ နေ့စဉ် ဧရာဝတီတိုင်းမှ ဆန်အိတ်ပေါင်း ငါးသောင်းခန့် ရန်ကုန်မြို့သို့ ဝင်ရောက်လျက်ရှိကြောင်း၊ ယခင်နှစ်က ဆန်ဟောင်း လက်ကျန်များရှိနေခြင်း၊ ဒေသအလိုက် နွေစပါး၊ မိုးစပါးများ စိုက်ပျိုးလုပ်ကိုင်ကြခြင်းတို့ကြောင့် ဆန်မှာ ပြည်တွင်းစားသုံးရန် ပူပင်စရာမလိုကြောင်း၊ အထူးသဖြင့် နွေစပါးများ စတင်ပေါ်နေပြီဖြစ်၍ ဆန်ဈေးမှာ တည်ငြိမ်မှုရှိကြောင်း သိရသည်။

ပုဇွန်တောင်ဈေး ဆန်ဈေးကွက်တွင် ဆန်ကြမ်းတစ်ပြည်လျှင် ကျပ်၅၀၀မှ ၆၀၀၊ ဆန်ချော တစ်ပြည်လျှင် ကျပ် ၆၀၀မှ ၉၀၀ဖြင့် ရောင်းချပေးနေကြောင်း ပုဇွန်တောင်ဈေးမှ ဆန်လက်လီ အရောင်းကုန်သည်တစ်ဦးက မြန်မာ့အလင်းသို့ ပြောကြားလိုက်သည်။ *စာမျက်နှာ ၁၀ ကော်လံ ၁* ●